၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော်(၄)ရက် ၊ တနင်္လာနေ့ ၊ (21-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၇၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ချင်းတိုင်းရင်းသားရိုးရာအလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်အကအဖွဲ့က ချင်းတိုင်းရင်းသားရိုးရာ ကကြိုးကကွက်များကို ချင်းအလှ၊ ချင်းဟန်တို့ဖြင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဝင်များနှင့်ဇနီးများ၊ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐

**၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး(ဗဟိုအဆင့်)ပြိုင်ပွဲများ ယှဉ်ပြိုင်မှု အောင်မြင်စွာကျင်းပပြီးစီး**

စာမျက်နှာ- ၁၈

**ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ် လေးစီး ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ**

စာမျက်နှာ- ၂၀




ရတနာပုံ
၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့စီးပွားတိုးတက်ရေး တရားမဝင်ကုန်သွယ်မှုဝိုင်းဝန်းတိုက်ဖျက်ပေး

နိုင်ငံတကာဥပဒေများအရ သတ်မှတ်ထားသည့် တရားမဝင်ကုန်စည်များကို ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံရရှိခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးခြင်းနှင့် အဆိုပါဆောင်ရွက်ချက်များကို အားပေးရန် ရည်ရွယ်သည့် မည်သည့်လုပ်ဆောင်မှုကိုမဆို တရားမဝင်ကုန်သွယ်မှုဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

တရားမဝင်ကုန်သွယ်မှုများပပျောက်သွားလျှင် ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုမှတစ်ဆင့် ပို့ကုန်ကဏ္ဍနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ မြင့်မားတိုးတက်လာစေမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်တွင်းသုံးစွဲမှု ငွေလည်ပတ်မှုအားကောင်းစေမည်ဖြစ်သည့်အပြင် ပြည်ပပို့ကုန်တင်ပို့နိုင်မှုကို ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံခြားငွေစီးဆင်းမှုကလည်း မြန်ဆန်သွက်လက်မှုဖြစ်ပေါ်လာစေမည်ဖြစ်သည်။ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့သည်မှာ (၁၆) ကြိမ်ရှိပြီဖြစ်ပြီး ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအထိ နှစ်နှစ်နှင့် ရှစ်လ ကာလအတွင်း အမှုတွဲ ၁၄၆၅၉ မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၃၀၀ ဒသမ ၀၂၈ ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတားဆီးရာတွင် မှန်ကန်သောသတင်းရရှိမှုသည် လွန်စွာအရေးကြီးသည်။ တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်ပြီး ဖမ်းဆီးရရှိမှုများအနက် တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့်ဩဂုတ်လအတွင်း သတင်းရရှိမှု ၉၇ ကြိမ်တွင် သတင်းမှန် ၉၁ ကြိမ်ရရှိခဲ့ခြင်းကြောင့် တရားမဝင်ကုန်သွယ်မှုကို ထိရောက်စွာတိုက်ဖျက်ရေးတွင် များစွာအထောက်အကူပြုနိုင်ခဲ့သည်။ သတင်းမှန်ရရှိမှုများကြောင့် ဖမ်းဆီးရမိမှုအမှုတွဲပေါင်း ၁၁၇ မှုနှင့် ဖမ်းဆီးရမိမှု၏တန်ဖိုးငွေကျပ်မှာ ၂၁၄၀ ဒသမ ၉၅၁ သန်းဖြစ်ပြီး ဖမ်းဆီးရမိပစ္စည်းများမှာ သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်များနှင့် တရားမဝင်မော်တော်ယာဉ်များဖြစ်ကြောင်း သိရသည်။ ထိုသို့သတင်းမှန်ပေးပို့သူများကို အသိအမှတ်ပြုကာ သတင်းပေးသူများကို သတ်မှတ်နှုန်းထားများအတိုင်း ဆုကြေးငွေချီးမြှင့်ပေးနိုင်ရေးကို တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီက အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေကာ အဟန့်အတားဖြစ်စေသည့် တရားမဝင်ကုန်သွယ်မှုများကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့်လုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုအားများ ယုတ်လျော့စေသောကြောင့် တရားမဝင်ကုန်သွယ်မှုလုပ်ဆောင်နေခြင်းများကို ပြတ်ပြတ်သားသား တားဆီးကာကွယ်သွားကြရမည်ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံ့ဝင်ငွေတိုးတက်ရရှိစေရေး၊ အကောက်ခွန်နှင့် အခွန်အခများဆုံးရှုံးမှုမရှိစေရေးနှင့် ပြည်သူများအတွက် ဘေးကင်းစိတ်ချရသည့် ကုန်စည်များဖြစ်ကာ အာမခံချက်ပေးနိုင်ရေးအတွက် တရားမဝင်ကုန်သွယ်မှုများ လုံးဝပပျောက်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

တရားမဝင်ပစ္စည်းများ တင်သွင်းလာမှုကြောင့် တရားဝင်တင်သွင်းသည့် လုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာမှုဖြစ်စေခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းစေခြင်းတို့ ဖြစ်ပေါ်စေနိုင်သည့်အပြင် နိုင်ငံ့စီးပွားရေးကိုလည်း ထိခိုက်စေသောကြောင့် တရားမဝင်ကုန်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်နေသကဲ့သို့ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပြည်သူများဘက်ကလည်း တိကျမှန်ကန်သောသတင်းများကို အချိန်မီပေးပို့ကာ ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက်တိုက်ဖျက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# ပုသိမ်မြို့နယ်တွင် ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ပုသိမ်မြို့ ဈေးကွက်အတွင်း ရှမ်းပြည်နယ်မှ အာလူးများ ဝင်ရောက်လျက်ရှိပြီး အောက်တိုဘာလ ပထမပတ်မှစတင်ပြီး ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသများဘက်က ဝင်ရောက်လာသည့် အာလူးများ ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၅၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

"ဈေးကွက်ထဲကို ရှမ်းပြည်နယ်ဘက်ကအာလူးတွေ ဝင်ရောက်နေပါတယ်။ စားသုံးမှုများလာတာနဲ့ အာလူးကြော်လုပ်ငန်းတွေ ပြန်လည် လည်ပတ်လာတာကြောင့် ဝယ်လိုမှုများပြီးအရောင်းသွက်နေတာပါ။ ဝင်ရောက်လာတဲ့ အာလူးတွေက လတ်ဆတ်မှုရှိပါတယ်။ အရည်အသွေးလဲကောင်းတယ်။ လက်ရှိ အာလူးတစ်ပိဿာကိုငွေကျပ် ၅၅၀၀ ထိပေါက်ဈေးရှိနေပါတယ်"ဟု ပုသိမ်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပြည်ပကဝယ်ယူမှုများပြား၍ မန္တလေးဈေးကွက်တွင် ပဲယဉ်းအရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး အောက်တိုဘာ ၂၀**

ပြည်ပက ဝယ်ယူမှုများပြား၍ မန္တလေးဈေးကွက်တွင် ပဲယဉ်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲယဉ်းကို ယခုလက်ရှိတွင် တရုတ်နိုင်ငံဘက်က ပြန်လည်ဝယ်ယူမှုများရှိလာကြောင်း၊ ယခင်က ပဲယဉ်းအရောင်းအဝယ်မှာ မန္တလေးဈေးကွက်အတွင်း၌ ပုံမှန်အရောင်းအဝယ်အနေအထားတွင် ရှိနေကြောင်း၊ ယခုလက်ရှိတွင် ပြည်တွင်း၌ ပဲယဉ်းများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပြီး အရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ ပဲယဉ်းတွေကို ပြည်ပနိုင်ငံတွေအပြင် ပြည်တွင်းကကုန်သည်တွေ ဝယ်ယူမှုတော်တော်လေးများလာပြီး ဈေးကွက်ထဲ အရောင်းအဝယ်က အရင်ကထက်ပိုပြီး ကောင်းလာတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်တွင် ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြား၍ ယနေ့ပေါက်ဈေးအရ ပဲယဉ်းဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀ ထိပေါက်ဈေးရှိခဲ့ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"အခုလောလောဆယ်တော့ ပဲယဉ်းတွေ အရောင်းအဝယ်ပြန်ပြီး ကောင်းလာတယ်။ တရုတ်နိုင်ငံဘက်ကလဲ အခုတလောအဝယ်ပြန်များလာတယ်။ အရင်က တရုတ်ဘက်ကလဲ အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ ပဲယဉ်းတွေ မန္တလေး ဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်နေပါတယ်"ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၄၆၃၇၆ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၄၆၃၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၄၆၁၄၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၆၃၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဆီထွက်သီးနှံစုံ ၄၆၁၄၆ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၆၃၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ဆီထွက်သီးနှံစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၉၄၂၇ ဧက၊ နှမ်း ၂၄၇၂၅ ဧကနှင့် နေကြာ ၁၂၂၂၄ ဧက စုစုပေါင်း ၄၆၃၇၆ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဆီထွက်သီးနှံစုံစိုက်ပျိုးရန်အတွက် သီးနှံအလိုက် လျာထားမှုအနေဖြင့် မြေပဲ ၉၁၄၈ ဧက၊ နှမ်း ၂၄၆၃၂ ဧကနှင့်နေကြာ ၁၂၃၆၆ ဧက စုစုပေါင်း ၄၆၁၄၆ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ဆီထွက်သီးနှံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် စစ်ကိုင်းမြို့နယ်တွင် စိုက်ပျိုးထားသော ဆီထွက်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးနှင့် ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များလာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များလာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၅၁၅၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၅၁၅၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ကေ ၇၅၅၀စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၁၅၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းတိုင်းဒေသကြီးမှာ ထောပတ်ပဲ ကေ ၇၅၅၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိအချိန်ထိ ၅၁၅၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ထောပတ်ပဲ စိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာမာဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ထောပတ်ပဲ ခရိုင်အလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာခရိုင်တွင် ၅၃၇ ကေ၊ ယင်းမာပင်ခရိုင်တွင် ၁၅၃ ကေ၊ ရွှေဘိုခရိုင်တွင် ၂၅၃၉ ကေ၊ ကန့်ဘလူခရိုင်တွင် ၇၇၅ ကေနှင့် စစ်ကိုင်းခရိုင်တွင် ၁၁၅၃ ကေ စုစုပေါင်း ၅၁၅၇ ကေတို့ဖြစ်ကြောင်း သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ထောပတ်ပဲ စိုက်ပျိုးရန်အတွက် ခရိုင်အလိုက် လျာထားမှုအနေဖြင့် မုံရွာခရိုင်တွင် ကေ ၄၇၀၊ ယင်းမာပင်ခရိုင်တွင် ကေ ၁၇၀၊ ရွှေဘိုခရိုင်တွင် ၃၀၂၅ ကေ၊ ရေဦးခရိုင်တွင် ကေ ၂၀၀၀၊ ကန့်ဘလူခရိုင်တွင် ကေ ၈၀၀နှင့်စစ်ကိုင်းခရိုင်တွင် ၁၀၈၅ ကေ စုစုပေါင်း ကေ ၇၅၅၀ တို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲကို သီးသန့်စိုက်ပျိုးကြသလို သီးညှပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

## ပခုက္ကူမြို့နယ် ထောက်ရှာပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ပခုက္ကူ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောက်ရှာပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်း စစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ပခုက္ကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ထောက်ရှာပင်ကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး သတ်မှတ်ရက်အတွင်း အရင်းအတိုးငွေများကို ပေးသွင်းစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထောက်ရှာပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၆ ဦးကို ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၀ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ချိုလေး**

## တောင်သာမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကုန်းသာကျေးရွာနှင့် ဗျိုင်းအင်းကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၉ ရက်က ကုန်းသာကျေးရွာ၌ ကျင်းပခဲ့သည်။

ထိုသို့ ချေးငွေများထုတ်ချေးပေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသား၊ အသင်းသူများအနေဖြင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပပဝင်းခိုင်က ကုန်းသာကျေးရွာနှင့် ဗျိုင်းအင်းကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၀၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ကုန်းသာကျေးရွာနှင့် ဗျိုင်းအင်းကျေးရွာတို့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို ငွေကျပ် ၅၀၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချစ်ဦးကို**

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း အုန်းသီးနှုအလုံးရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဒေသထွက် အုန်းသီးနုအလုံးရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဩဂုတ်လအတွင်း အုန်းသီးနုအလုံးရေ ၅၀၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း အုန်းသီးနုအလုံးရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၀၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်က စက်တင်ဘာလထဲမှာ အုန်းသီးနုတွေ ဝယ်ယူမှုများပြားခဲ့ပါတယ်။ စက်တင်ဘာလထဲမှာ အုန်းသီးနုအလုံးရေအနေနဲ့ ၈၂၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ အောက်တိုဘာလထဲမှာလဲ အုန်းသီးနုတွေ ဝယ်ယူမှုများပြားနေပါတယ်။ ဒေသထွက် အုန်းသီးနုတွေ အရောင်းအဝယ်ကောင်းလာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ အုန်းသီးတွေကို ရင့်တဲ့ထိစောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးနုများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံလုပ်ငန်းရှင်များ၊ အုန်းသီးစိုက်ပျိုးရေး လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ အဆင်ပြေနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုထံမှ သိရသည်။ **ကျော်ကျော်လင်း**



# ကိုယ်ရည်ကိုယ်သွေး

## ချစ်နိုင်(စိတ်ပညာ)

"Success is 80% Psychology, 20% Skill"

TONY ROBBINS

"အောင်မြင်မှုမှာ ရှစ်ဆယ်ရာခိုင်နှုန်းက စိတ်ပိုင်းဆိုင်ရာဖြစ်တယ်။ နှစ်ဆယ်ရာခိုင်နှုန်းက ကျွမ်းကျင်မှုပိုင်းဖြစ်ပါတယ်။"

**တိုနီရော့ဘင်**

**အမေရိကန်စာရေးဆရာနှင့်ဟောပြောသူ**

ကိုယ်ရည်ကိုယ်သွေးဆိုတဲ့စကားလုံးကို အထက်တန်းကျောင်းသားဘဝလောက်ကပင် စာကြမ်းပိုး (စာဂျပိုး)လို့ အခေါ်ခံရတဲ့ကျွန်တော် မှတ်မှတ်သားသားမကြားခဲ့ဖူးပါ။ ရေပန်းစားလူသိများတဲ့ဝေါဟာရလည်း မဟုတ်ပါ။ ယနေ့ခေတ်ကာလထိ ကိုယ်ရည်ကိုယ်သွေးအကြောင်းကို တကယ်တမ်း ဂဃနဏသိရှိသူ နည်းပါးလှပါတယ်။ ကျောင်းသင်ခန်းစာမှာပင် စိတ်ပညာကျောင်းသား မိမိတို့ဟာ ဒုတိယနှစ်မှသာ အထွေထွေစိတ်ပညာနဲ့ ကိုယ်ရည်ကိုယ်သွေးသင်ခန်းစာများကို စတင်သင်ယူခဲ့ရပါတယ်။ ကိုယ်ရည်ကိုယ်သွေးအကြောင်း၊ ကိုယ်ရည်ကိုယ်သွေးဟာ အရေးကြီးကြောင်း၊ တစ်ဦးချင်းကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးရေးဟာ လူတစ်ယောက်အတွက်ဖြစ်စေ၊ မိသားစုအတွက်ဖြစ်စေ၊ လူမျိုးတစ်မျိုးအတွက်ဖြစ်စေ အတော်အရေးပါတဲ့အကြောင်း စာသင်ခန်းထဲမှာ သင်ယူမှတ်သားခဲ့ရပါတယ်။

ကျွန်တော်တို့ကို စိတ်ပညာသင်ကြားပြသခဲ့ကြတဲ့ ဒေါက်တာ စိန်တူ၊ ဒေါက်တာ ကျော်စိန်၊ ဒေါက်တာ ညီဝင်းမှန် သူတို့ရဲ့ရှေ့က ဒေါက်တာလှဖူး၊ ဒေါက်တာလှသွင်၊ ဆရာကြီး ဦးခင်မောင်တင့်(တက္ကသိုလ်ဘုန်းနိုင်)၊ ဆရာကြီး ဦးခင်မောင်သန်း(စိတ်ပညာ) စတဲ့ ဆရာ၊ ဆရာမများအားလုံးဟာ အမေရိကန်မှာ ဖွံ့ဖြိုးလာခဲ့တဲ့ "ခေတ်သစ်စိတ်ပညာ"ကို သင်ကြားပေးခဲ့ကြတာဖြစ်ပါတယ်။ အမေရိကန်မှာပင်လျှင် ၂၀ ရာစုထဲရောက်မှ ပါမောက္ခဝီလျှမ်ဂျိမ်းအစရှိတဲ့ ထင်ရှားတဲ့စိတ်ပညာရှင်များက သိသိသာသာ အောင်မြင်ထင်ရှားခဲ့တာမို့ အမေရိကန် ကြည်း၊ ရေ၊ လေ တပ်မတော်အရာရှိများရွေးချယ်ခြင်း၊ ရာထူးတိုးခြင်း၊ အနားပေးခြင်း၊ တာဝန်ရွေးချယ်ချထားခြင်းများမှာ ထိထိရောက်ရောက်**"စိတ်ပညာ"**ကို အသုံးချလာလို့ တွင်ကျယ်လာတာပါ။

ဒဿနိကဗေဒ၊ သင်္ချာ၊ သမိုင်း စတဲ့ဘာသာရပ်များဟာ နှစ်ပေါင်းနှစ်ထောင်ကျော် နှစ်ထောင့်ငါးရာ သက်တမ်းရှည်ကြာတဲ့ ပညာရပ်၊ ဘာသာရပ်များဖြစ်သော်လည်း စိတ်ပညာကတော့ သုတေသနနဲ့ စမ်းသပ်ခန်းများမှတစ်ဆင့် **၂၀ ရာစုမှာမှ စတင်ဖွံ့ဖြိုးတာပါ။** တကယ်တမ်း စိတ်ပညာကို စနစ်တကျ အသုံးအချဆုံးကတော့ အမေရိကန်ပါပဲ။ ဒုတိယကမ္ဘာစစ်မတိုင်မီမှစပြီး စိတ်ပညာစစ်ဆေးမှု၊ ကုသမှု၊ ခွဲခြားမှုတွေတိကျမှန်ကန်လို့ **ယနေ့ကာလ အာကာသစေလွှတ်ဖို့ လူရွေးချယ်ရာမှာ စိတ်ပညာဆိုင်ရာသတ်မှတ်ချက်စံတွေနဲ့ စစ်ဆေးရွေးချယ်ပါတယ်။ အဲဒါ ကိုယ်ရည်ကိုယ်သွေးစစ်ဆေးချက်တွေ အသုံးချခြင်းပါပဲ။**

အရပ်ပုသလား၊ ရှည်သလား၊ ဆံပင်မည်းသလား၊ ဝါသလား အရေးမကြီးပါဘူး။ အသားအရောင်၊ မျက်လုံးသူငယ်အိမ်အရောင်၊ အကျဉ်းအကျယ် စတဲ့ ရုပ်ပိုင်းဆိုင်ရာတွေလည်း အဓိကမကျပါဘူး။ စတင်လွှတ်တင်စကတော့ အမျိုးသားတွေပဲ ရွေးချယ်ခဲ့ပါတယ်။ စံသတ်မှတ်ချက်ကတော့(Criterias)တွေက အိမ်ထောင်ရှိရမယ်။ သားသမီးနှစ်ယောက်ရှိရပါမယ်။ အသက် ၄၀ နဲ့ ၄၅ အတွင်းဖြစ်ရမယ်။ တက္ကသိုလ်ဘွဲ့ရပညာတတ်တော့ဖြစ်ရမယ်။ စစ်သင်တန်းတက်ဖူးရမယ်။ (သူတို့နိုင်ငံမှာ လူငယ်လူရွယ်တိုင်းစစ်မှုမထမ်းမနေရဥပဒေ ပြဋ္ဌာန်းထားတာ ၁၉၆၀ လောက်ကတည်းကပါ။ ဒါကြောင့် ဗီယက်နမ်ကျူးကျော်စစ်ပွဲမှာ အမေရိကန်စစ်သား လူငယ်တွေအများကြီးပါဝင်ခဲ့လို့ ၁၉၆၀-၁၉၇၀၊ ဆယ်နှစ်ကြာမရှုမလှစစ်ရှုံးနေပေမယ့် စစ်တိုက်နိုင်ခဲ့တာပါ)

အာကာသထဲမှာ မမျှော်လင့်နိုင်တဲ့အခက်အခဲ အကျပ်အတည်းအမျိုးမျိုး တွေ့ကြုံရင်ဆိုင်ရနိုင်တဲ့အတွက် ဖွဲ့၊ သတ္တိ၊ စိတ်တည်ငြိမ်မှု၊ အမှန်ကိုအလွယ်တကူခွဲခြားသိမြင်တတ်မှု စတဲ့အရည်အသွေးတွေကို စစ်ဆေးရွေးချယ်ပါတယ်။

အခုဖော်ပြတဲ့နမူနာအရည်အသွေးအရာများဟာ **"ကိုယ်ရည်ကိုယ်သွေးအခြင်းအရာများ"**ပါပဲ။

လူတစ်ယောက်ရဲ့ သဘောထား၊ အလေ့အထ၊ အယူအဆ၊ အတွေးအခေါ်၊ ယုံကြည်ချက်၊ မျှော်လင့်ချက်၊ အားသာချက်၊ အားနည်းချက်စတဲ့ **အားလုံးသော စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာတွေကို စုပေါင်းခြုံငုံပြီး ကိုယ်ရည်ကိုယ်သွေးလို့ ခေါ်ထားတာပါပဲ။**

ကိုယ်ရည်ကိုယ်သွေးစစ်ဆေးခြင်းဟာ ခေတ်မီတဲ့နိုင်ငံတွေမှာတော့ ဗိုလ်လောင်းတွေ၊ အရာရှိအဆင့်သင်တန်းလွှတ်မယ့် ဌာနဆိုင်ရာကျွမ်းကျင်မှုသင်တန်းတွေ၊ ရာထူးတိုးဖို့ စစ်ဆေးစမ်းသပ်ချက်တွေမှာ အဆင့်ဆင့်အကြိမ်ကြိမ်တွေ့ကြုံရပါတယ်။ အခါခါဆန်ခါတင်စစ်ဆေးတော့ ကြောင်စီစီပေါက်တောက်တောက်တွေကို ပယ်ချခဲ့ပြီးဖြစ်တာကြောင့် အဆင့်မြင့်နေရာတာဝန်ပေးခံရသူတွေဟာ ဦးနှောက်ကျပ်မပြည့်တဲ့လူစားမျိုးတော့ မပါတော့ဘူး။

တပ်မတော်မှာ ရန်သူ့ဘက်သို့ထွက်ပြေးခိုလှုံသူ (သစ္စာဖောက်)၊ အထက်အကြီးအကဲကို လုပ်ကြံဖို့ကြံစည်သူ(သစ္စာဖောက်)၊ ရင်ဆိုင်တိုက်ပွဲကာလအတွင်း ဆက်ပြီးတိုက်နေကြသူများစွာရှိပါလျက် သူရဲဘောကြောင်စွာ ရန်သူ့ထံမှာ လက်နက်ချအညံ့ခံသူ(သစ္စာဖောက်)အရာရှိများရဲ့ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှာ ငါးရက်ကြာထားရှိပြီး စိတ်ပညာကျွမ်းကျင်သူများက (စိတ်ရောဂါပါရဂူ ဒေါက်တာအုန်းကျော်၊ ဒေါက်တာမျိုးသိန်း၊ ဒေါက်တာစိန်မြင့်၊ ဗိုလ်မှူးဝင်းခိုင်၊ ဗိုလ်မှူးအုန်းလှိုင် စသည်စသည်)စာတွေ့လူတွေ့စစ်ဆေးခဲ့တဲ့မှတ်ချက်ကို ပြန်စစ်ကြည့်တဲ့အခါ သူ့ရဲ့စိတ်ပိုင်းဆိုင်ရာအားနည်းချက်တွေကို တိတိကျကျ မှန်မှန်ကန်ကန် မှတ်ချက်ရေးပေးထားတာ ပြန်တွေ့ကြရတယ်။ ပညာရှင်ရဲ့တွေ့ရှိချက်ကို အလေးထားအသုံးမချတတ်သူ (ကျွမ်းကျင်တတ်မြောက်ခြင်း၊ ပညာရပ်ကို စနစ်တကျအသုံးချ၍ အလေးပေးစဉ်းစားရကောင်းမှန်းမသိသူ) ဘုတ်အဖွဲ့လူကြီးများရဲ့အားနည်းချက်ကြောင့်သာ စိတ်ပိုင်းဆိုင်ရာအားနည်းချွတ်ယွင်းမှုဟာ အနာဟောင်းအနာဆွေးပမာ ဗိုလ်ကြီး၊ ဗိုလ်မှူး၊ ဒုမှူးကြီး စသဖြင့် မိုးထဲရေထဲခက်ခဲတဲ့အကျဉ်းအကျပ်ရင်ဆိုင်ရတဲ့အခါ အနာရောဂါက ပေါ်တော့တာပဲ။

ဒါမျိုးဟာ ရှိတော့ရှိခဲ့တယ်။ အလွန်ပဲရှားပါတယ်။ တစ်သောင်းတစ်ယောက်၊ တစ်သန်းတစ်ယောက် စသဖြင့် တွေ့ရခဲတဲ့ယိုပေါက်မျိုးပေါ့။ ငွေကြေးကိစ္စ၊ မိန်းမကိစ္စ၊ အကျင့်စာရိတ္တဖောက်ပြားလို့ စစ်စည်းကမ်းအရ၊ နယ်ဘက်ပြစ်မှုဥပဒေအရ အရေးယူခံရသူတွေကို ဗိုလ်ရွေးအဖွဲ့ စိတ်ပိုင်းဆိုင်ရာစစ်ဆေးတွေ့ရှိချက်မှတ်တမ်းများ ပြန်လှန်စိစစ်လိုက်တဲ့အခါမှာလည်း "လိုက်နာမှုအားနည်းသည်၊ စည်းကမ်းစနစ်ကို စောင့်သိရိုသေတတ်မှု ချွတ်ယွင်းတတ်သည်။ စိတ်လိုက်မာန်ပါ စိတ်မထိန်းနိုင်ဘဲပြုမူတတ်သည်"စသဖြင့် မှတ်ချက်ရေးထားတာတွေ့ကြရတယ်။ စိတ်စစ်ဆေးချက်အရ "ကောင်းမွန်ပါသည်၊ ထောက်ခံပါသည်"လို့ ရေးမထားဘူး။

ဒါဖြင့် ဒီလိုလူစားကို ဘာလို့များရွေးခဲ့သလဲ။ အကြောင်းအမျိုးမျိုးတော့ရှိခဲ့ပေလိမ့်မယ်။ ဒီနေရာမှာ အဲဒီအကြောင်းအရာက ဘေးရောက်သွားစေနိုင်လို့ မဖော်ပြတော့ပါ။

သုတေသနပေါင်းများစွာ စနစ်တကျပြုလုပ်ပြီးမှ ရထားတဲ့ **ဉာဏ်ရည်စစ်ဆေးလွှာ၊ ကိုယ်ရည်ကိုယ်သွေးစစ်ဆေးလွှာ၊ စိတ်ပိုင်းဆိုင်ရာစစ်ဆေးလွှာတွေဟာ မှန်ကန်မှု၊ ခိုင်လုံမှု၊ ရှေ့နောက်ညီညွတ်မှု၊ သတ်မှတ်ချက်(Criterias) စံချိန်စံညွှန်းညီညွတ်မှုတွေ ရှိနေကြပါတယ်။**

အသုံးချရင်ချသလောက်ထိရောက်တယ်။ အကျိုးရှိတယ်။ မှန်ကန်တယ်။ ရေရှည်အတွက် အဖိုးတန်ပါတယ်။ အထောက်အကူဖြစ်ပါတယ်။ သို့တစေ ၂၁ ရာစုရောက်လာသော်လည်း ပညာခေတ်၊ နည်းပညာအတတ်ပညာဖွံ့ဖြိုးအောင် အားပေးပျိုးထောင်ရမယ့်အစား "ရပါတယ်ကွာ၊ အေးဆေးပေါ့ကွာ" ၁၉ ရာစုအမြင်၊ ၂၀ ရာစုအတွေးနဲ့သာ အလုပ်လုပ်နေသေးရင်တော့ ပညာကင်းမဲ့ခြင်းကြောင့် ဆင်းရဲပင်ပန်းခြင်း၊ ရှုံးနိမ့်ခြင်းများ ကြုံတွေ့ရတတ်တယ်။

**❖လူတစ်ယောက်ရဲ့သဘောထား၊ အလေ့အထ၊ အယူအဆ၊ အတွေးအခေါ်၊ ယုံကြည်ချက်၊ မျှော်လင့်ချက်၊ အားသာချက်၊ အားနည်းချက်စတဲ့ အားလုံးသောစိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာတွေကိုစုပေါင်းခြုံငုံပြီး ကိုယ်ရည်ကိုယ်သွေးလို့ခေါ်ထားတာပါပဲ။ ကိုယ်ရည်ကိုယ်သွေးစစ်ဆေးခြင်းဟာ ခေတ်မီတဲ့နိုင်ငံတွေမှာတော့ ဗိုလ်လောင်းတွေ၊ အရာရှိအဆင့်သင်တန်းလွှတ်မယ့် ဌာနဆိုင်ရာကျွမ်းကျင်မှုသင်တန်းတွေ၊ ရာထူးတိုးဖို့စစ်ဆေးစမ်းသပ်ချက်တွေမှာ အဆင့်ဆင့်အကြိမ်ကြိမ် တွေ့ကြုံရပါတယ်။ အခါခါဆန်ခါတင်စစ်ဆေးတော့ ကြောင်စီစီပေါက်တောက်တောက်တွေကို ပယ်ချခဲ့ပြီးဖြစ်တာကြောင့် အဆင့်မြင့်နေရာတာဝန်ပေးခံရသူတွေဟာ ဦးနှောက်ကျပ်မပြည့်တဲ့လူစားမျိုးတော့ မပါတော့ဘူး။ ❖**

အခြေအနေမှန်ကို မြင်စေချင်။

ကိုယ်ရည်ကိုယ်သွေးက မပြောင်းလဲဘူးလား မေးစရာရှိပါတယ်။ ဘယ်အရာမဆို ပြောင်းလဲစမြဲပဲမို့ လူတွေရဲ့ကိုယ်ရည်ကိုယ်သွေးဆိုတာလည်း ဇီဝသဘောအရ ခေတ်ကာလပတ်ဝန်းကျင်က ပြုပြင်လွှမ်းမိုးချက်များအရ တစ်ဦးချင်းတိုင်းမှာ တရွေ့ရွေ့နဲ့တော့ အရည်အချင်းသဘောကော အရေအတွက်ပါ အဆက်မပြတ်ပြောင်းလဲနေပါတယ်။

၉၀ ဒီဂရီတော့ပြောင်းခဲ့ပါတယ်။

၁၈၀ ဒီဂရီပြောင်းလဲတာလည်း မတွေ့ဖူးပါ။

ကိုယ်ရည်ကိုယ်သွေးမှာပါတဲ့ ဉာဏ်ရည်ဉာဏ်သွေး(Intelligence Quotient)(I.Q) ဟာလည်း ပြောင်းလဲနိုင်ပါတယ်။ သို့သော် အများကြီးတစ်ထောက်တစ်ငန်းမပြောင်းနိုင်ပါ။ နည်းနည်းသာ။

လူတွေ ယခုအခါ တန်ဖိုးထားအလေးပေးရကောင်းမှန်း ပိုသိလာကြတဲ့ အီးကျူဆိုတဲ့(Emotional Quotient)ပေါင်းသင်းဆက်ဆံ၊ ဆက်သွယ်မှုအရည်အသွေးဟာလည်း လေ့ကျင့်ရင်တိုးတက်ပါတယ်။ ပတ်ဝန်းကျင်ပြောင်းပေးရင် ပြောင်းလဲပါတယ်။ ဆက်ဆံရေးညှိဖွင်းသူများကို စိတ်ပညာကျွမ်းကျင်သူများနဲ့ အချိန်ပေးလေ့ကျင့်ပြုစုပေးရင် ပြောင်းလဲပါတယ်။ လက်ဦးဆရာလို့ဆိုကြတဲ့ အမိ၊ အဖတို့က စတင်သင်ကြားခဲ့တဲ့ ငယ်စဉ်က အလေ့အထအရ ယဉ်ကျေးသိမ်မွေ့ချိုသာခြင်း၊ လူလူချင်းစာနာတတ်ခြင်း၊ မိမိကိုယ်ကို စောင့်စည်းထိန်းကျောင်းတတ်ခြင်းရှိသူက ရှိမယ်။ ကိုယ်အမူအရာ၊ နှုတ်အပြောအဆို ကြမ်းတမ်းရိုင်းစိုင်းတဲ့စရိုက်မျိုးရှိခြင်း၊ စာရိတ္တတို့၊ သီလတို့ ဝေလာဝေး၊ ခိုးမယ်၊ ဝှက်မယ်၊ လုစားမယ်၊ လစ်ရင် ဘာမဆိုလုပ်မယ်။ မဟုတ်မမှန်တာလည်း ပြောမှာပဲ။ လိမ်တာညာတာလည်း ပြောရဲဆိုရဲတာပါ။ (လက်ကိုင်ဖုန်းထဲက ဖေ့စ်ဘွတ်တို့၊ ယူကျူတို့၊ တစ်တော့တို့ နမူနာသာဓကကြည့်လိုက်ကြပါ။ ဘယ်လောက်ယုတ်ညံ့စုတ်ပွဲ့တာတွေ ပြောဆိုမိုက်ရိုင်းနေကြသလဲ)စသဖြင့် လောကကို ဖျက်ဆီးနေတဲ့ လူသတ္တဝါတွေလည်း ရှိနေပေတာပဲ။ ဒါမျိုးတွေကိုတော့ လူရွေးပြီးပေါင်းရမယ် မဟုတ်လား။

**လူရွေးပြီး ခေါင်းဆောင်တင်ကြရပေမယ်။**

ဒီမိုကရေစီစနစ်ဆိုတာ ဝါဒမဟုတ်ပါ။

နိုင်ငံတော်ကို စီမံအုပ်ချုပ်တဲ့စနစ်ကိုခေါ်တာ။

ဒီမိုကရေစီကို စည်းကမ်းပြည့်ဝအောင်၊ မှန်ကန်အောင် အဆူအပူခံ၊ အမုန်းခံပြီး နိုင်ငံနဲ့လူမျိုးအတွက် ရပ်တည်ကြိုးပမ်းနေတဲ့တပ်မတော်ကို ခေါင်းစဉ်အမျိုးမျိုးနဲ့ နာမ်နှိမ်စွပ်စွဲပုတ်ခတ်တိုက်ခိုက်တာကို နားယောင်ယုံမှတ်နေကြသူတွေလည်း ပကတိတရားအရ လက်ရှိ၊ ရှိနေကြတာမြင်တဲ့အတိုင်းပဲ။ အသေဝနာစဗာလာနံ။

တပ်မတော်ဗိုလ်ရွေးအဖွဲ့ဆိုတဲ့ တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊ အရာရှိလောင်းအားလုံးအတွက် စနစ်တကျစစ်ဆေးရွေးချယ်ပြီးမှသာ ဗိုလ်လောင်းသင်တန်းတွေ တက်ရောက်လေ့ကျင့်ခွင့်ရတာ။ ပြန်တမ်းဝင်အရာရှိဖြစ်လာရတာ။

တိုင်းပြုပြည်ပြုလွှတ်တော်မှာ မိမိတို့ မြို့ရွာလူထု၊ လူမျိုးကို ကိုယ်စားပြုရွေးချယ်တင်မြှောက်ကြရမယ့် ကိုယ်စားလှယ်လောင်းတွေထဲက မဲပေးရမယ့်အမတ်ကို ပြည်သူလူထုက သေသေချာချာမြင်အောင် ရှေ့နောက်ဘေးဝဲယာစေ့စေ့ကြည့်ရှုပြီး **"ကိုယ်ရည်ကိုယ်သွေး"**ကောင်းတဲ့ လူတော်လူကောင်းများကို ရွေးကြပါကုန်။ သူတို့လက်ထဲ လုပ်ပိုင်ခွင့်အပ်ရမှာလေ။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၀၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၀၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြို ပဲတီစိမ်းဧက ၄၀၀၀ နှင့် မိုးပဲတီစိမ်း ဧက ၁၁၀၀၀ စုစုပေါင်း ဧက ၁၅၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ၁၆၈၅ ဧက၊ မိုးပဲတီစိမ်း ၁၂၃၆၉ ဧက စုစုပေါင်း ၁၄၀၅၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်း ဧက ၁၅၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၄၀၅၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ပညာပေးတာတွေရှိမယ်၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးဖို့ ပညာပေးတာတွေရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးပြီး ပဲတီစိမ်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းစေရေး နည်းပညာပေးခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

## မိုင်းဆတ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဆတ် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဘော်လုံးကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးငွေးက နမ့်ဘော်လုံးကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၁၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နမ့်ဘော်လုံးကျေးရွာရှိ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အသင်းသား၊ အသင်းသူများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးငွေးထံမှ သိရသည်။

**ချိုသန်းညွန့်**

## စာဖတ်ကြမယ်

- ဖတ်မှတ်ကြ စာပေ
  သိဉာဏ်တွေ မျှဝေပေး၊
  လောကအလယ် အမှောင်ကင်းဖို့
  ထွန်းလင်းမယ်လေး။

- စာဖတ်ရှိန် မြှင့်တင်ရေး
  ဖေးမလို့ ကူညီပါ၊
  မြို့ရွာအနှံ့မှာ၊
  သုတတို့ ပွင့်ဝေဆာ
  ရှာဖွေကာ သိမှတ်သား၊
  သင့်ရာကို ဆုံးဖြတ်တတ်အောင်ပ
  စာဖတ်စို့လား။

- စာပေသည် အလင်းတံခါး
  ပြည့်ခွန်အား ကဲ့သို့ပင်၊
  ပညာ့ဘဏ် အကျိုးထူးတွေမို့
  ဦးထိပ်ပန်ဆင်၊
  စာကြည့်တိုက် တိုင်းနယ်တစ်ခွင်
  အရိုင်းဖယ်ကြဉ် ယဉ်ကျေးဖို့၊
  တူညီညာ ကိုယ်စီအသိနဲ့
  ဆောင်သတိ အမှားကိုရှောင်လို့
  ဉာဏ်ရောင်တွေ အစဉ်လှဖို့
  စာဖတ်ကြစို့။ ။

**ပိုင်ဆု(ပညာရေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# အမေရိကန်နိုင်ငံ ဆာပီကိုကျွန်း၌ ဆိပ်ခံတံတားပြိုကျမှုကြောင့် ခုနစ်ဦးသေဆုံး

**နယူးယောက် အောက်တိုဘာ ၂၀**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် ကမ်းလွန်ကျွန်းတစ်ကျွန်း၌ အောက်တိုဘာ ၁၉ ရက်က ဆိပ်ခံတံတားပြိုကျခဲ့ရာ ဦးရေ ၂၀ ရေထဲပြုတ်ကျ၍ ခုနစ်ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါဆိပ်ခံတံတားပြိုကျမှုသည် ဂျော်ဂျီယာပြည်နယ် ကမ်းရိုးတန်းနှင့် မနီးမဝေးတွင်တည်ရှိသော ဆာပီကိုအမည်ရှိ ကျွန်းတစ်ကျွန်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဆိပ်ခံတံတားပြိုကျမှုကြောင့် ပျောက်ဆုံးနေသူများကို အမေရိကန်ကမ်းခြေစောင့်တပ် သင်္ဘောများနှင့် ရဟတ်ယာဉ်များက ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

ဆိပ်ခံတံတားပြိုကျခဲ့ရခြင်း၏ အကြောင်းရင်းကို အမေရိကန်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေကြဆဲဖြစ်သည်။

ဆိပ်ခံတံတားပြိုကျမှုကြောင့် ဒဏ်ရာရသူများလည်း အများအပြားရှိခဲ့ကြောင်း ဆာပီကိုကျွန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆာပီကိုကျွန်းသည် အာဖရိကနွယ်ဖွား ကျေးကျွန်များမှဆင်းသက်လာသည့် အမေရိကန်လူမည်းများနေထိုင်ရာ ကျွန်းဖြစ်ပြီး ယင်းကျွန်းနှင့် ဂျော်ဂျီယာပြည်နယ်ကမ်းရိုးတန်းကြားအစိုးရကူးတို့သင်္ဘောများ ပြေးဆွဲပေးကြောင်း သိရသည်။

Ref : RT

Trs : KKO



# ရက်သတ္တပတ်အတွင်း ဗုံးခြိမ်းခြောက်မှုသတင်းများ ၇၀ ကျော် အိန္ဒိယလေကြောင်းလိုင်းများရရှိ

**ဒေလီ အောက်တိုဘာ ၂၀**

အိန္ဒိယအခြေစိုက် လေကြောင်းလိုင်းများမှ လေကြောင်းခရီးစဉ်များအနေဖြင့် ယခုရက်သတ္တပတ်အတွင်း ဗုံးခြိမ်းခြောက်မှုသတင်းများ ၇၀ ကျော်ထိ ရရှိခဲ့ကြောင်း အိန္ဒိယမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဗုံးခြိမ်းခြောက်မှုသတင်းများကြောင့် လေယာဉ်စီးခရီးသည်များကြား စိုးရိမ်ပူပန်မှုများမြင့်တက်ခဲ့ရပြီး နိုင်ငံတကာတွင်လည်း လေကြောင်းခရီးစဉ်ကြန့်ကြာမှုများဖြစ်ပွားခဲ့ရသည်။

ဗုံးခြိမ်းခြောက်မှု သတင်းမှားများလက်ခံရရှိခဲ့သော လေကြောင်းခရီးစဉ်အားလုံးမှာ မြေပြင်သို့ ဘေးကင်းစွာဆင်းသက်နိုင်ခဲ့သည်။

သို့သော် လေကြောင်းခရီးစဉ်အချို့မှာ ကနေဒါနှင့် ဂျာမနီနိုင်ငံများဘက်သို့ လမ်းကြောင်းပြောင်းပျံသန်းခဲ့ရပြီး အချို့လေကြောင်းခရီးစဉ်များမှာ ဗြိတိန်နှင့်စင်ကာပူလေတပ်တို့၏ အကာအကွယ်ကို ရယူခဲ့ရသည်။

အိန္ဒိယမီဒီယာများ၏ အဆိုအရ အောက်တိုဘာ ၁၃ ရက်မှစ၍ အောက်တိုဘာ ၁၉ ရက်ထိ အိန္ဒိယလေကြောင်းလိုင်းများအနေဖြင့် ဗုံးခြိမ်းခြောက်သတင်း ၇၀ ကျော် လက်ခံရရှိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၉ ရက်တစ်ရက်တည်းမှာပင် အိန္ဒိယလေကြောင်းလိုင်းများ အနေဖြင့် ဗုံးခြိမ်းခြောက်မှုသတင်းအနည်းဆုံး ၃၀ ရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အင်ဒိုနီးရှားသမ္မတသစ်အဖြစ် ပရာဘိုဝိုဆူဘီယန်တို ကျမ်းသစ္စာကျိန်ဆို



**ဂျကာတာ အောက်တိုဘာ ၂၀**

အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘီယန်တိုသည် ယနေ့တွင် အင်ဒိုနီးရှားသမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

မိမိအနေဖြင့် အင်ဒိုနီးရှားပြည်သူအားလုံး၏ သမ္မတအဖြစ် ရပ်တည်ရေးအတွက် ကြိုးပမ်းမည်ဖြစ်ကြောင်း ကျမ်းသစ္စာကျိန်ဆိုပွဲပြီးနောက် လွှတ်တော်အမတ်များအား ပြောကြားခဲ့သည့် မိန့်ခွန်းတွင် သမ္မတသစ် ပရာဘိုဝိုက ကတိကဝတ် ပြုခဲ့ကြောင်း သိရသည်။

အသက် ၇၃ နှစ်အရွယ် အထူးတပ်ဖွဲ့တပ်မှူးဟောင်း ပရာဘိုဝိုသည် ယနေ့ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲပြီးဆုံးပြီးနောက် အင်ဒိုနီးရှားနိုင်ငံ၏ အဋ္ဌမမြောက် သမ္မတတာဝန်များကို စတင်ရယူခဲ့သည်။

အင်ဒိုနီးရှားသမ္မတသစ် ပရာဘိုဝိုသည်ကျောင်းသားကျောင်းသူများအတွက် အခမဲ့အစားအစာကျွေးမွေးရေး အစီအစဉ်ကဲ့သို့ ပြည်သူ့အကြိုက် မူဝါဒများဖြင့် အင်ဒိုနီးရှားသမ္မတ ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သူဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပခဲ့သည့် အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲတွင် ပရာဘိုဝိုသည် ထောက်ခံမဲရာနှုန်း ၆၀ ရာခိုင်နှုန်းနီးပါးထိ ရရှိခဲ့သည်။

ယနေ့တွင် သမ္မတဟောင်း ဂျိုကိုဝီဒိုဒို၏သား ဂျီဘရန်ရာကာဘူမင်ရာကာလည်း ဒုတိယသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဘေရွတ်မြို့တောင်ပိုင်းကို အစ္စရေးတပ်မတော် လေကြောင်းတိုက်ခိုက်မှုပြုလုပ်

**ဘေရွတ် အောက်တိုဘာ ၂၀**

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တောင်ပိုင်းကိုအစ္စရေးတပ်မတော်က အောက်တိုဘာ ၁၉ ရက်တွင် လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏အပန်းဖြေနေအိမ်ကို လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့ပြီး တစ်ရက်အကြာတွင် အစ္စရေးတပ်မတော်က ဘေရွတ်မြို့တောင်ပိုင်းကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဟစ်ဇ်ဘိုလာအုပ်စုက မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုပြုလုပ်ချိန်တွင် ယင်းနေအိမ်၌ အစ္စရေးဝန်ကြီးချုပ်နှင့် ဇနီးဖြစ်သူတို့ မရှိခဲ့ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ဟစ်ဇ်ဘိုလာအုပ်စု၏ အောက်တိုဘာ ၁၈ ရက်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကို ၎င်းအားလုပ်ကြံရန်ကြိုးပမ်းမှုအဖြစ် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားထားသည်။

အစ္စရေး တပ်မတော်သည် အောက်တိုဘာ ၁၉ ရက်တွင် ဘေရွတ်တောင်ပိုင်းအပြင် ဂါဇာကမ်းမြောင်ဒေသရှိ ပစ်မှတ်များကိုလည်း လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

အစ္စရေးနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့သည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှစ၍ စစ်မက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ မက္ကဆီကိုရေတပ် သိမ်းဆည်းရမိ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၂၀**

ပစိဖိတ် အနောက်တောင်ဘက် ကမ်းရိုးတန်းကမ်းလွန်၌ ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးတစ်ခုတွင် မက္ကဆီကိုရေတပ်သည် တရားမဝင် မူးယစ်ဆေးဝါးပမာဏ ကီလိုဂရမ် ၈၄၀၀ထိ စံချိန်တင်ဖမ်းဆီးမိခဲ့ကြောင်း အောက်တိုဘာ ၁၉ ရက် သတင်းများတွင် ရေးသားဖော်ပြခဲ့သည်။

အောက်တိုဘာ ၁၈ ရက်တွင် ပြုလုပ်ခဲ့သော အဆိုပါစစ်ဆင်ရေးအတွင်း မက္ကဆီကိုရေတပ်သည် လူပေါင်း ၂၃ ဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အဆိုပါ စစ်ဆင်ရေးအတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း၁၀၀ထိရှိရာမက္ကဆီကိုရေတပ်အတွက် သမိုင်းတစ်လျှောက်အများဆုံး ဖမ်းဆီးနိုင်ခဲ့သော မူးယစ်ဆေးဝါးပမာဏ ဖြစ်သည်။



ပင်လယ်ရေကြောင်း မူးယစ်စစ်ဆင်ရေးအတွင်း မက္ကဆီကိုရေတပ်သည် လောင်စာဆီလီတာ ၈၇၀၀နှင့် လှေငယ်ခြောက်စီးကိုလည်း သိမ်းယူနိုင်ခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းများတားဆီးရေးအတွက် ကြိုးပမ်းမှုများ မြှင့်တင်ရန် အိမ်နီးချင်း အမေရိကန်နိုင်ငံက တိုက်တွန်းထားသည်။

သို့ရာတွင် မက္ကဆီကိုနိုင်ငံအတွင်းရှိ မူးယစ်ဂိုဏ်းများဆီသို့ အမေရိကန်နိုင်ငံဘက်မှ လက်နက်ခဲယမ်းများ ရောက်ရှိနေမှုကို တားဆီးပေးရန်မက္ကဆီကိုကလည်း အမေရိကန်နိုင်ငံကို တိုက်တွန်းထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာက နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်၏ အပူချိန်ထိန်းညှိမှုစနစ်ကို စမ်းသပ်မှုများပြုလုပ်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၂၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်၏ အပူချိန်ထိန်းညှိမှုစနစ်ကို စမ်းသပ်မှုများပြုလုပ်ခဲ့ကြောင်း အောက်တိုဘာ ၁၉ ရက် သတင်းများအရ သိရသည်။

နာဆာကျွမ်းကျင်သူများသည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်၏ Outer Barrel Assembly ခေါ် အပူချိန်ထိန်းညှိမှုစနစ်၏ လွှတ်တင်စဉ်ကာလ ကမ္ဘာ့ဂြိုဟ်ဒြပ်ဆွဲအားဒဏ် ခံနိုင်ရည်ကို လက်တွေ့စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

Outer Barrel Assembly စမ်းသပ်မှု အောင်မြင်ခဲ့ခြင်းကြောင့် နာဆာအဖွဲ့အနေဖြင့် နန်စီဂရေ့စ်ရိုမန် အာကာသ ရေဒီယိုတယ်လီစကုပ်ကို မူလသတ်မှတ်ထားသည့် ကာလတွင် လွှတ်တင်နိုင်ရေးအတွက် ပို၍နီးစပ်လာခဲ့ပြီဖြစ်သည်။

နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို ၂၀၂၅ ခုနှစ်အတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်သည် မဟာရာစွမ်းအင်၊ နေအဖွဲ့အစည်းပြင်ပဂြိုဟ်များ၊ ကြယ်စုများကို စူးစမ်းလေ့လာမည်ဖြစ်သည်။

နာဆာအဖွဲ့အနေဖြင့် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို မလွှတ်တင်မီ အပူဒဏ်ခံနိုင်ရည် စမ်းသပ်မှုနှင့် တုန်ခါမှုဒဏ် ခံနိုင်ရည်စမ်းသပ်မှုများ ဆက်လက်ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နာဆာက DAVINCI မစ်ရှင်ဖြင့် သောကြာဂြိုဟ်၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ရန်ကြိုးစားမည်

**ဝါရှင်တန် အောက်တိုဘာ ၂၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် DAVINCI အမည်ရှိ မစ်ရှင်ဖြင့် သောကြာဂြိုဟ်၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ရန် ကြိုးစားမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၉ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် DAVINCI အာကာသယာဉ်ကို ၂၀၃၀ ပြည့်နှစ်အတွင်း လွှတ်တင်ရန်ရည်ရွယ်ထားကြောင်း သိရသည်။

DAVINCI မစ်ရှင်တွင် သောကြာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည့် အာကာသယာဉ်တစ်စင်းနှင့် ဂြိုဟ်မျက်နှာပြင်ပေါ်ဆင်းသက်မည့် အာကာသယာဉ်ငယ်တစ်စင်းတို့ ပါဝင်မည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။



နာဆာအဖွဲ့သည် DAVINCI မစ်ရှင်ဖြင့် သောကြာဂြိုဟ်ပေါ်၌ တစ်ချိန်သောအခါက သမုဒ္ဒရာများနှင့် ပထဝီတိုက်ဒေသကြီးများ ရှိ၊ မရှိကို စူးစမ်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။

DAVINCI မစ်ရှင်၏ဂြိုဟ်မျက်နှာပြင်ပေါ်ဆင်းသက်မည့် အာကာသယာဉ်ငယ်သည် သောကြာဂြိုဟ်၏ ရှေးဟောင်းတိုက်ဒေသကြီးတစ်ခုအဖြစ် ယူဆရသော အယ်လ်ဖာရီဂျီယိုအမည်ရှိ နယ်မြေကိုလေ့လာမည်ဖြစ်သည်။

အယ်လ်ဖာရီဂျီယိုနယ်မြေကို လေ့လာခြင်းဖြင့် သောကြာဂြိုဟ်၏ ဘူမိသမိုင်းကြောင်းနှင့် ကမ္ဘာမြေနှင့်တူညီနိုင်သည့်အချက်များကို ဖော်ထုတ်တွေ့ရှိနိုင်ရန် သိပ္ပံပညာရှင်များက မျှော်လင့်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## မိုင်အိုစင်းဘူမိခေတ်အတွင်းရှင်သန်ခဲ့သည့် ကမ္ဘာဦးပင့်ကူကျောက်ဖြစ်ရုပ်ကြွင်းကို ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်၌ ရှာဖွေတွေ့ရှိ

**ကင်ဘာရာ အောက်တိုဘာ ၂၀**

မိုင်အိုစင်းဘူမိခေတ်အတွင်း ရှင်သန်ခဲ့သည့် ကမ္ဘာဦးပင့်ကူကျောက်ဖြစ်ရုပ်ကြွင်းကို ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်၌ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း အောက်တိုဘာ ၁၉ ရက် သတင်းများအရ သိရသည်။

အဆိုပါ ပင့်ကူကျောက်ဖြစ်ရုပ်ကြွင်းကို Megamonodontium Mccluskyi ဟူ၍ ဩစတြေးလျ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Megamonodontium Mccluskyi ပင့်ကူများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၁ သန်းနှင့် ၁၆ သန်းကြားကာလ မိုင်အိုစင်းဘူမိခေတ်အတွင်း ရှင်သန်ခဲ့ကြသည့် ကမ္ဘာဦးပင့်ကူများဖြစ်ကြကြောင်း သိရသည်။

Megamonodontium Mccluskyi ပင့်ကူများသည် ယနေ့ခေတ် Trapdoor Spider ခေါ် ပင့်ကူတစ်မျိုးနှင့် အလွန်နီးစပ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် Megamonodontium Mccluskyi ပင့်ကူများ၏ အရွယ်အစားသည် Trapdoor Spider ပင့်ကူများထက် ငါးဆပိုကြီးမားပြီး ကိုယ်ခန္ဓာအလျား ၂၃ ဒသမ ၃၁ မီလီမီတာထိရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## သွေးခဲချေဖျက်ရေးဆေးတစ်မျိုးက လေဖြတ်မှုကိုကုသရာတွင် ထိရောက်မှုရှိ

**နယူးယောက် အောက်တိုဘာ ၂၀**

သွေးခဲချေဖျက်ရေးဆေးတစ်မျိုးသည် လေဖြတ်မှုကို ကုသရန် တရားဝင်အတည်ပြုချက်ရရှိထားသည့် ဆေးတစ်မျိုးထက်ပင် လေဖြတ်လူနာများကို ကုသရာတွင် ပို၍ထိရောက်မှုရှိကြောင်း အောက်တိုဘာ ၁၉ ရက် သတင်းများအရ သိရသည်။

Tenecteplase အမည်ရှိ အဆိုပါဆေးသည် လေဖြတ်ပြီးနောက် ပိုင်း သုံးလအတွင်း လူနာများ ပြန်လည် နာလန်ထူနိုင်ရေးအတွက် အထောက်အကူပေးရာတွင် Alteplase ဆေးထက်ပို၍ ထိရောက်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားထားသည်။

Tenecteplase ဆေးသည် အမေရိကန်နိုင်ငံတွင် လေဖြတ်မှုအတွက် အသုံးပြုခွင့်ရထားသည့် ဆေးဝါးမဟုတ်ဘဲ သွေးခဲချေဖျက်ရေးဆေးအဖြစ်သာ အသုံးပြုခွင့်ရထားသည့် ဆေးဖြစ်ကြောင်း သိရသည်။

Alteplase ဆေးကမူ Ischemic Stroke ခေါ် ဦးနှောက်သွေးကြောပိတ်ဆို့မှုကြောင့် လေဖြတ်မှုကို ကုသခွင့်ရထားသော ဆေးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏နှိုင်းယှဉ်လေ့လာချက်များအရ Tenecteplase ဆေးသည် Ischemic Stroke လေဖြတ်မှုကိုကုသရာတွင် Alteplase ထက်ပင် ပို၍ထိရောက်သည်ကိုတွေ့ရကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၃၇၈၈ ဦး ပါဝင်သော လေ့လာချက် ၁၁ ခုကို ပြန်လည်ဆန်းစစ်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Ozempic နှင့် Wegovy ကဲ့သို့ ဆေးများက အရက်စွဲလူနာများကို ကုသပေးနိုင်ဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၂၀**

Ozempic နှင့် Wegovy ကဲ့သို့ ကိုယ်အလေးချိန်လျှော့ချရေးဆေးများသည် အရက်စွဲလူနာများကို ကုသရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၁၉ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ချီကာဂိုတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါဆေးများအသုံးပြုသည့် အရက်စွဲလူနာများသည် ၎င်းဆေးများသုံးစွဲမှုမရှိသည့် အရက်စွဲလူနာများနှင့် နှိုင်းယှဉ်ပါက အရက်သောက်သုံးမှု ၄၀ ရာခိုင်နှုန်း ပို၍နည်းပါးသွားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Ozempic နှင့် Wegovy ကဲ့သို့ GLP–1 အုပ်စုဝင် ဆေးများသည် အရက်စွဲလူနာများကြား အရက်အဆိပ်သင့်မှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ GLP–1 အုပ်စုဝင်ဆေးများသည် ဘိန်းအာနိသင်ရှိဆေးဝါးများ(Opioid) အလွန်အကျွံ သုံးစွဲမှုပြဿနာကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

GLP–1 အုပ်စုဝင် ဆေးများသည် အစာစားလိုစိတ်ကိုလျှော့ချပေးခြင်း၊ အစာခြေဖျက်မှုလုပ်ငန်း၏အရှိန်ကို လျှော့ချပေးခြင်းဖြင့် ကိုယ်အလေးချိန်ကို လျှော့ချပေးပြီး သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့်ကို ထိန်းချုပ်ပေးသည့် ဆေးဝါးများဖြစ်ကြကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# 6 Kings Slam တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျန်နစ်ခ်ဆင်နာ ဆွတ်ခူး

**ရီယာ့ဒ် အောက်တိုဘာ ၂၀**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင်ကျင်းပခဲ့သည့် 6 Kings Slam တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၇၊ ၆-၃၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တင်းနစ်လောက၏ အကောင်းဆုံး ကစားသမားခြောက်ဦးအား ဖိတ်ခေါ်ပြီးကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး ဖိတ်ခေါ်ခံရသည့် ပြိုင်ပွဲဝင်များမှာ ဂျိုကိုဗစ်၊ ရာဖေးလ်နာဒယ်၊ ဂျန်နစ်ခ်ဆင်နာ၊ အယ်ကာရက်ဇ်၊ မျက်ဒဗျက်၊ ဟိုဂါရူနီတို့ဖြစ်ကြပြီး အောင်မြင်မှုပေါင်းများစွာဆွတ်ခူးထားသည့် စီနီယာတင်းနစ်ကစားသမားများအား ကျော်ဖြတ်ကာ ဂျန်နစ်ခ်ဆင်နာက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာသည် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် အမေရိကန်ဒေါ်လာ ခြောက်သန်းထိ ဆွတ်ခူးခဲ့သလို အခြားသောပြိုင်ပွဲဝင်ကစားသမား ငါးဦးမှာလည်း ပြိုင်ပွဲဝင်သည့်အနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းထိ ခံစားခွင့်ရရှိခဲ့ကြသည်။

ဂျန်နစ်ခ်ဆင်နာက “ဒီပြိုင်ပွဲက ဖိတ်ခေါ်ပြိုင်ပွဲဖြစ်တယ်ဆိုပေမဲ့လဲ ဖိတ်ခေါ်ခံခဲ့ရတဲ့ ကစားသမားတွေက တင်းနစ်လောကမှာ အောင်မြင်မှုများစွာ ဆွတ်ခူးထားတဲ့ ကစားသမားတွေဖြစ်ပါတယ်။ အထူးသဖြင့် ရာဖေးလ်နာဒယ်၊ ဂျိုကိုဗစ်လို ကစားသမားတွေ ပါလာတာဖြစ်ပြီးတော့ သူတို့နဲ့ ယှဉ်ပြိုင်ကစားခွင့်ရတဲ့ အခွင့်အရေးက တင်းနစ်ကစားသမား တိုင်းလိုချင်နေတဲ့ အခွင့်အရေးဖြစ်ပါတယ်။ သူတို့လို ဂန္ထဝင်ကစားသမားမျိုးနဲ့ ယှဉ်ပြိုင်ကစားခွင့်ရခဲ့သလို မြင့်မားတဲ့ဆုကြေးငွေကိုလဲ ခံစားခွင့်ရရှိတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**




## အားကစားသတင်းအတိုအထွာများ

- လီဗာပူးအသင်းမှ ဒုတိယဦးစားပေးဂိုးသမား ကီလာဟာကချဲလ်ဆီးအသင်းနှင့်ပွဲစဉ်တွင် အကောင်းဆုံးကစားသွားမည်ဖြစ်ကာ ဂိုးသမား အယ်လစ်ဆန်၏နေရာကိုရယူရန် အသင့်ဖြစ်နေကြောင်း သက်သေပြသွားမည်ဟု ပြောကြားခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းက စတုဂတ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့သည့် ဟယ်ရီကိန်းသည် ဘွန်ဒက်လီဂါတွင် ဟက်ထရစ်ဂိုး ခြောက်ကြိမ်ထိရရှိခဲ့ကြောင်း သိရသည်။
- ဖရန့်ဖတ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်အပြီးတွင် တိုက်စစ်မှူး ဘွန်နီဖေ့ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ML**

# မေဂျာလိဂ်ပြိုင်ပွဲတွင် ဘောလုံးရာသီတစ်ရာသီအတွင်း ရမှတ်အများဆုံးအသင်းအဖြစ် အင်တာမီယာမီအသင်း မှတ်တမ်းဝင်




**ဝါရှင်တန် အောက်တိုဘာ ၂၀**

အင်တာမီယာမီ အသင်းနှင့် နယူးအင်္ဂလန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အင်တာမီယာမီက ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် မေဂျာလိဂ်ပြိုင်ပွဲသမိုင်းတွင် ဘောလုံးရာသီတစ်ရာသီအတွင်း ရမှတ်အများဆုံးရရှိခဲ့သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မေဂျာလိဂ်ပြိုင်ပွဲ သမိုင်းတွင် ယခင်က တစ်ရာသီအတွင်း ရမှတ်အများဆုံးရထားသည့် အသင်းမှာ ရမှတ် ၇၃ မှတ်သာရရှိခဲ့ပြီး ယခုအခါ အင်တာမီယာမီအသင်းက ၃၄ ပွဲကစားခဲ့ရာ ၂၂ ပွဲနိုင်၊ လေးပွဲသရေ၊ ရှစ်ပွဲရှုံးဖြင့် ရမှတ် ၇၄ မှတ်ထိ ရရှိခဲ့သောကြောင့် ပြိုင်ပွဲသမိုင်းတွင် ရမှတ်အများဆုံးအသင်းဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အင်တာမီယာမီအသင်းသည် ပထမပိုင်း ပွဲချိန် နှစ်မိနစ်နှင့် ၃၄ မိနစ်တို့တွင် ဦးဆောင်ဂိုးများ ခွင့်ပြုခဲ့ရသော်လည်း တိုက်စစ်မှူးဆွာရက်ဇ်က ပွဲချိန် မိနစ် ၄၀ နှင့် ၄၃ မိနစ်တို့တွင် ချေပဂိုးများ သွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင်လည်း ပွဲချိန် ၅၈ မိနစ်တွင် ခရီမက်ရှ်၊ ပွဲချိန် ၇၈ မိနစ်၊ ၈၁ မိနစ်နှင့် ၈၉ မိနစ်တို့တွင် တိုက်စစ်မှူး မက်ဆီက ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ရမှတ် ၇၄ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

ထို့ပြင် အသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူခဲ့သည့် တိုက်စစ်မှူး မက်ဆီသည် သွင်းဂိုး ၂၀ နှင့် တိုက်စစ်မှူး ဆွာရက်ဇ်သည်လည်း သွင်းဂိုး ၂၀ ထိ သွင်းယူနိုင်ခဲ့သောကြောင့် ကလပ်အသင်းတစ်သင်းမှ ကစားသမားတစ်ဦးထက်ပို၍ သွင်းဂိုး ၂၀ ထိသွင်းယူနိုင်သည့် ပထမဆုံးအသင်းဖြစ်လာခဲ့ပြီး ဒီစီယူနိုက်တက်ကစားသမား ဘန်တီကီ သွင်းဂိုး ၂၃ ဂိုးနောက်တွင် မက်ဆီနှင့် ဆွာရက်ဇ်တို့က သွင်းဂိုး ၂၀ ဖြင့် ဒုတိယအများဆုံး ကစားသမားများအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : ESPN**
**Trs : ML**

# နယူးကာဆယ်နှင့်ပွဲစဉ်တွင် တိုက်စစ်မှူး ဒန်နီဝဲလ်ဘတ် ဒဏ်ရာပြင်းထန်စွာရရှိ

**လန်ဒန် အောက်တိုဘာ ၂၀**

နယူးကာဆယ် အသင်းနှင့် ဘရိုက်တန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဘရိုက်တန်အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူး ဒန်နီဝဲလ်ဘတ်သည် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အသက် ၃၃ နှစ်ရှိ တိုက်စစ်မှူး ဒန်နီဝဲလ်ဘတ်သည် ပွဲကစားချိန် ၃၅ မိနစ်တွင် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့ပြီးနောက် ပွဲချိန် ၇၇ မိနစ်အရောက်တွင် နယူးကာဆယ် ခံစစ်ကစားသမား ဖေဘီယန်ရှာနှင့် ထိခိုက်မိခဲ့ရာ မြက်ခင်းပြင်သို့ ပြုတ်ကျခဲ့သည့် ဒဏ်ရာပြင်းထန်သဖြင့် အောက်ဆီဂျင်ပေးခဲ့ရကာ ဆေးအဖွဲ့၏ အကူအညီရယူ၍ ထမ်းစင်ဖြင့် ကွင်းအတွင်းမှ ထွက်ခွာခဲ့ရသည်။

တိုက်စစ်မှူး ဒန်နီဝဲလ်ဘတ်ကို အောက်ဆီဂျင်ပေး၍ ကွင်းအတွင်း မိနစ်အနည်းငယ်ထိ ကုသမှုပြုလုပ်ပေးခဲ့ရပြီး ၎င်းအနေဖြင့် မည်သည့်ဒဏ်ရာရရှိခဲ့သည်ကို အတိအကျ ထုတ်ပြန်ခြင်းမရှိသေးသော်လည်း နောက်ကျောဒဏ်ရာ ရရှိနိုင်ကြောင်း ဆေးအဖွဲ့က ခန့်မှန်းပြောကြားခဲ့သည်။

ဝဲလ်ဘတ်သည် ယခုနှစ် ဘောလုံးရာသီ နည်းပြဟာဇီလာလက်အောက်တွင် ပုံမှန်ပွဲကစားခွင့်ရရှိခဲ့သူဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲ ရှစ်ပွဲတွင် သွင်းဂိုး ငါးဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့ပြီး နယူးကာဆယ်အသင်းကို ဂိုးသွင်းယူခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးပါဝင်ပတ်သက်မှု အကြိမ် ၁၀၀ ပြည့်မြောက်ခဲ့ပြီး သွင်းဂိုး ၇၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၈ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : ML**

# ရီးရဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် အသက်အကြီးဆုံးကစားသမားအဖြစ် လူကာမိုဒရစ်မှတ်တမ်းဝင်

**မက်ဒရစ် အောက်တိုဘာ ၂၀**

ရီးရဲလ်မက်ဒရစ် အသင်းက ဆဲလ်တာဗီဂိုအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ပါဝင်ကစားပေးခဲ့သည့် ကွင်းလယ်ကစားသမား လူကာမိုဒရစ်သည် သမိုင်းတစ်လျှောက်တွင် အသက်အကြီးဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းသမိုင်းတွင် တိုက်စစ်မှူးဟောင်း ပူးစကက်စ်က အသက်အကြီးဆုံးကစားသမားအဖြစ် ရပ်တည်နေသော်လည်း ယခုပွဲစဉ်တွင် လူကာမိုဒရစ်က ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် အသက် ၃၉ နှစ် ရက်ပေါင်း ၄၀ ဖြင့် အသင်းသမိုင်းတွင် အသက်အကြီးဆုံး ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

လူကာမိုဒရစ်သည် အသင်းနှင့်အတူ ဘောလုံးရာသီ ၁၃ ရာသီ ပါဝင်ကစားခဲ့ရာ ပြိုင်ပွဲစုံ ၅၄၇ ပွဲထိ ပါဝင်ခွင့်ရခဲ့ပြီး အသင်းနှင့်အတူ ဆုဖလား ၂၇ လုံးထိ ရယူနိုင်ခဲ့သဖြင့် ကလပ်အသင်းသမိုင်းတွင် ၁၉၉၄-၂၀၁၀ ခုနှစ်အတွင်း ကစားခဲ့သည့် တိုက်စစ်မှူး ရာအူးလ်၏ ၇၄၁ ပွဲနောက်တွင် ပွဲအများဆုံး ကစားထားသည့် ကစားသမားအဖြစ် ရပ်တည်လျက်ရှိသည်။

နည်းပြ အန်ဆယ်လော့တီက “မိုဒရစ်ဟာ အံ့အားသင့်စရာကောင်းတဲ့ကစားသမား တစ်ယောက်ဖြစ်ပါတယ်။ သူဟာ လက်ရှိအသက်အရွယ်နဲ့မလိုက်အောင် အားလုံးပြည့်စုံမှုရှိနေတဲ့ သူတစ်ယောက်ပါ။ သူ့အတွက် နောက်ထပ်ပြောစရာ စကားလုံးတောင် မရှိတော့ပါဘူး။ သူ့လိုကစားသမားမျိုးကို ပိုင်ဆိုင်ခွင့်ရတဲ့ ရီးရဲလ်မက်ဒရစ်ဟာ ကံကောင်းပါတယ်”ဟု ပြောကြားခဲ့သည်။



ရီးရဲလ်မက်ဒရစ်အသင်းသည် အဆိုပါပွဲစဉ်တွင် နိုင်ပွဲရရှိခဲ့ပြီးနောက် လာလီဂါပြိုင်ပွဲတွင် ၄၂ ပွဲဆက် ရှုံးပွဲမရှိခဲ့သည့် မှတ်တမ်းကိုရရှိခဲ့ပြီး ပြိုင်ပွဲသမိုင်းတွင် ၄၃ ပွဲဆက် ရှုံးပွဲမရှိသေးသည့် ဘာစီလိုနာအသင်း၏စံချိန်ကို လိုက်မီရန် နီးစပ်နေသော်လည်း လာမည့်ပွဲစဉ်တွင် အယ်ကလက်စီကိုပြိုင်ဘက် ဘာစီလိုနာနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : ESPN**
**Trs : ML**

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)တွင် သစ္စာအားမာန်အသင်းက မြဝတီအက်ဖ်စီအသင်းကို လေးဂိုး သုံးဂိုးဖြင့်အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂) အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ အပြန်အလှန် သွင်းဂိုးများဖြင့် သစ္စာအားမာန်အသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ငါးမိနစ်တွင် လင်းထက်ဦးနှင့် ပွဲချိန် ၁၀ မိနစ်တွင် မင်းမော်ဦးတို့က သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၂၁ မိနစ်တွင် ကောင်းစည်သူနှင့် ပွဲချိန် ၃၃ မိနစ်တွင် စောအောင်မျိုးထွန်းတို့က မြဝတီအက်ဖ်စီ အသင်းအတွက် ချေပဂိုးများ ပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၃၈ မိနစ်တွင် လင်းထက်ဦးက သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးထပ်မံ သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် သစ္စာအားမာန်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၆၅ မိနစ်တွင် မင်းမော်ဦးက သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပွဲချိန် ၆၂ မိနစ်တွင် စောအောင်မျိုးထွန်းက မြဝတီအက်ဖ်စီအသင်းအတွက် ချေပဂိုး တစ်ဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် သစ္စာအားမာန်အသင်းက မြဝတီအက်ဖ်စီအသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကာ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို သစ္စာအားမာန်အသင်းမှ မင်းမော်ဦးက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# အာရှယူ-၁၇ ခြေစစ်ပွဲကစားရန် မြန်မာ ယူ-၁၇ အသင်း ဗီယက်နမ်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၀**

မြန်မာ့လက်ရွေးစင် ယူ-၁၇ အသင်းသည် ၂၀၂၅ အာရှ ယူ-၁၇ ခြေစစ်ပွဲကစားရန်အတွက် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၇ အသင်းကို အုပ်ချုပ်သူအဖြစ် ဦးစိုးမြတ်မင်း၊ နည်းပြချုပ်အဖြစ် ဦးအောင်ဇော်မျိုး၊ လက်ထောက်နည်းပြများအဖြစ် ဦးမြတ်မင်းသူ၊ ဦးထွန်းနောင်ဦး၊ ဂိုးနည်းပြအဖြစ် ဦးမြကိုမင်းတို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်ပြီး ကစားသမားများအဖြစ် ဂိုးသမားနေရာတွင် ရှိုင်းထက်ကျော်၊ ထက်ဝေယံ၊ လင်းလက်ထွန်း၊ ခံစစ်ကစားသမားနေရာတွင် အောင်သီဟ၊ သီဟအောင်၊ စိုင်းမောဝ်ဟန်၊ မျိုးခန့်ကျော်၊ ဘုန်းမြတ်သူ၊ ဉာဏ်အောင်၊ ထက်ရှားအောင်၊ ကွင်းလယ် ကစားသမားနေရာတွင် သော်ဇင်ကို၊ အောင်ပြည့်ဖြိုး၊ သူရမင်းသန့်၊ ကျော်သီဟ၊ ဘေလားဖုန်ရမ်၊ ကျော်ညီညီ၊ စိုင်းစွမ်ဆိုင်၊ ခွန်မောင်လုံး၊ ကြယ်ရောင်မင်းလေး၊ စွမ်းဇာနည်၊ တိုက်စစ်ကစားသမားနေရာတွင် ခန့်ဝင်းအောင်၊ ညီညီသန့်၊ စိုင်းဘိုဘိုကျော်တို့ လိုက်ပါခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၇ အသင်းသည် အာရှ ယူ-၁၇ ခြေစစ်ပွဲ အုပ်စု(I)တွင် ဗီယက်နမ်အသင်း၊ ယီမင်အသင်း၊ ကာဂျစ်စတန် ယူ-၁၇ အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အိမ်ရှင်အဖြစ် ဗီယက်နမ်နိုင်ငံ ဗီယက်ထရှိုင်မြို့တွင် အောက်တိုဘာ ၂၃ မှ ၂၇ ရက်ထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၇ အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၃ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ယီမင်အသင်း၊ အောက်တိုဘာ ၂၅ ရက် မြန်မာစံတော်ချိန် ည ၆ နာရီခွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်း၊ အောက်တိုဘာ ၂၇ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ကာဂျစ်စတန် အသင်းတို့နှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# IBF လိုက်မစ်ဒယ်ဝိတ်တန်း ချန်ပီယံဆုကို မာတာဇာလီယက်ဖ် ထိန်းသိမ်းနိုင်ခဲ့



**ဖလော်ရီဒါ အောက်တိုဘာ ၂၀**

IBF လိုက်မစ်ဒယ်ဝိတ်တန်း ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ရုရှားလက်ဝှေ့သမား မာတာဇာလီယက်ဖ်နှင့် ချန်ပီယံဟောင်း ဩစတြေးလျ လက်ဝှေ့သမား တင်မ်တီဇူတို့ အောက်တိုဘာ ၁၉ ရက်တွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ ထိုးသတ်ခဲ့ရာ မာတာဇာလီယက်ဖ်က တတိယမြောက်အချီတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ချန်ပီယံဟောင်းဖြစ်သူ တင်မ်တီဇူအတွက် စိတ်ပျက်ဖွယ်ရာ ရလဒ်ဖြစ်သလို လက်ဝှေ့သမားဘဝသက်တမ်းတစ်လျှောက် မရှုံးဖူးသေးသောရလဒ်ဖြင့် ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

တင်မ်တီဇူသည် ဂန္ထဝင်လက်ဝှေ့သမားကြီးအဖြစ် သတ်မှတ်ခံထားရသော ကော့ယာတီဇူ၏သားဖြစ်သလို ကမ္ဘာ့ချန်ပီယံဟောင်း တစ်ဦးဖြစ်သည့်အတွက်ကြောင့် လက်ဝှေ့လောကတွင် အရှိန်အဝါရှိသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

မာတာဇာလီယက်ဖ်က "တင်မ်တီဇူနဲ့ ထိုးသတ်ရမယ်ဆိုတော့ တော်တော်လေးကို စိတ်လှုပ်ရှားမိတယ်။ ဂန္ထဝင်လက်ဝှေ့သမားရဲ့ မျိုးဆက်ဖြစ်သလို ကမ္ဘာ့ချန်ပီယံဟောင်း တစ်ယောက်ဖြစ်တဲ့အတွက် သူ့ကိုအနိုင်ရဖို့ ကျွန်တော်အများကြီး ပြင်ဆင်ခဲ့ရတယ်။ ကြိုးဝိုင်းထဲ ရောက်တော့လဲ စိတ်လှုပ်ရှားစွာနဲ့ ပွဲအတွက် သေချာအာရုံစိုက်ခဲ့တယ်။ ဒီပြိုင်ပွဲအတွက် ရက်သတ္တ ၁၀ ပတ်ထိ ပြင်ဆင်ခဲ့ရတယ်။ ရလဒ်ကောင်းတစ်ခုနဲ့ လက်ရှိချန်ပီယံဆုကို အောင်မြင်စွာ ကာကွယ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆု ဟန်နာဂရင်းဆွတ်ခူး

**ဝမ်ဂျူ အောက်တိုဘာ ၂၀**


တောင်ကိုရီးယားနိုင်ငံ ဝမ်ဂျူမြို့တွင်ကျင်းပခဲ့သည့် BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဩစတြေးလျ ဂေါက်သီးရိုက်မယ် ဟန်နာဂရင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ်ဂေါက်သီးရိုက်ကစားသမား ဘူတီယာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ထိုင်းဂေါက်သီးရိုက်မယ် ဝမ်နာဆင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဟန်နာဂရင်းအတွက် ယခုနှစ်အတွင်း တတိယမြောက်ဆွတ်ခူးနိုင်ခဲ့သည့် ဆုဖလားဖြစ်ပြီး လက်ရှိချန်ပီယံနှင့် ဗိုလ်စွဲရန် ရေပန်းစားနေသည့် ပြိုင်ပွဲဝင်များအားကျော်ဖြတ်ကာ BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဟန်နာဂရင်းက "ဒီပြိုင်ပွဲမတိုင်မီ ဆုဖလားနှစ်လုံးရထားတဲ့ အခြေအနေက ဒီပြိုင်ပွဲမှာ အောင်မြင်မှုရဖို့အတွက် အဓိက တွန်းအားတစ်ရပ် ဖြစ်စေခဲ့ပါတယ်။ အဲ့ဒီစိတ်ကြောင့်ပဲ ဒီပြိုင်ပွဲမှာ ရိုက်ချက်တိုင်းက အဆင်ပြေခဲ့တယ်။ ဒီပြိုင်ပွဲအတွက် အများကြီး ပြင်ဆင်လေ့ကျင့်ခဲ့တယ်။ လေ့ကျင့်ပြင်ဆင်မှုတွေက တော်တော်လေးကို ထိရောက်ခဲ့ပါတယ်။ ဒီနှစ်အတွင်း တတိယမြောက်ဆုဖလားကို ရရှိခဲ့ပြီးဖြစ်တယ်။ ယခုနှစ် ဂေါက်သီးရိုက်ရာသီကုန်ဆုံးဖို့အတွက် ပြိုင်ပွဲသုံးရပ် လေးရပ်လောက်အထိ ကျန်နေသေးတယ်။ အားလုံးမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ ရည်ရွယ်ထားပါတယ်။ လက်ကျန်ပြိုင်ပွဲတွေမှာ အကောင်းဆုံး ကစားနိုင်အောင် ကြိုးစားသွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL



# AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ် (၅) ပွဲစဉ်များ ဆက်လက်ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးတိုင်း ဒေသကြီး ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှိ ဘက်စုံသုံး အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီက MNN အသင်းနှင့် BTB အသင်းတို့ကစားခဲ့ရာBTB အသင်းက ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် Pyae Sone အသင်းနှင့် KH အသင်းတို့ကစားခဲ့ရာ Pyae Sone အသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် Black Wolves အသင်းနှင့် TG United အသင်းတို့ကစားခဲ့ရာTG United အသင်းက ရှစ်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Arr Man အသင်းနှင့် Mogyo အသင်းတို့ ကစားခဲ့ရာ Arr Man အသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် 135 Family အသင်းနှင့် AKS အသင်းတို့ကစားခဲ့ရာ 135 Family အသင်းက သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

STA

# ခြင်ကြောင့်ဖြစ်ပွားသောရောဂါများ

ပေါက်ပေါက်

ကမ္ဘာပေါ်တွင် တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်သောရောဂါများအနက် ခြင်ကြောင့်ဖြစ်သောရောဂါများသည် လူသားများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ကြီးမားသောသက်ရောက်မှုကိုဖြစ်ပေါ်စေသည်။ မှတ်တမ်းများအရကမ္ဘာပေါ်တွင် ခြင်အမျိုးအစားပေါင်း ၃၅၀၀ ကျော်ရှိသည်။ ခြင်မှတစ်ဆင့်ဖြစ်ပွားသောကူးစက်ရောဂါများကြောင့် နှစ်စဉ် လူဦးရေ သန်း ၇၀၀ ခန့် ဝေဒနာခံစားနေရပြီး လူဦးရေ ၇၂၅၀၀၀ ကျော်၏အသက်ကိုဆုံးရှုံးစေလျက်ရှိသည်။ ထို့ကြောင့် ခြင်မှတစ်ဆင့်ဖြစ်ပွားသောရောဂါများသည် ယနေ့ကာလတွင် လူသားများ၏ လူမှုစီးပွားဘဝကို ရိုက်ခတ်လျက်ရှိသဖြင့် နိုင်ငံအများအပြားအနေဖြင့် ခြင်နှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများကို အလေးထားလုပ်ဆောင်နေကြရသည်။

မြန်မာနိုင်ငံတွင် အတွေ့ရအများဆုံး ခြင်အမျိုးအစားသုံးမျိုးရှိသည်။ ၎င်းတို့မှာ - သွေးလွန်တုပ်ကွေးရောဂါကိုဖြစ်စေသော အေးဒီးစ် (ခေါ်) ခြင်ကျား၊ ငှက်ဖျားရောဂါကိုဖြစ်စေသော အနော့ဖလိခြင်၊ ဆင်ခြေထောက်ရောဂါနှင့် ဂျပန်ဦးနှောက်ရောင် ရောင်ရောဂါကိုဖြစ်စေသော ကျူးလက်ခြင်တို့ဖြစ်သည်။

**သွေးလွန်တုပ်ကွေးရောဂါ**

ခြင်မှတစ်ဆင့်ဖြစ်ပွားသော ရောဂါများအနက် သွေးလွန်တုပ်ကွေးရောဂါသည် ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ ကမ္ဘာကြီး အပူချိန် ပိုမိုပူနွေးလာသည်နှင့်အမျှ သွေးလွန်တုပ်ကွေးရောဂါကို ဖြန့်ပေးနေသည့်ခြင်များလည်း များစွာပေါ်ထွက်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) သိပ္ပံပညာရှင်များက ပြောကြားသည်။ သွေးလွန်တုပ်ကွေးရောဂါသည် အာရှဒေသအနှံ့အပြားနှင့် လက်တင်အမေရိကဒေသတို့၌ ရှေးယခင်ကပင် ဖြစ်ပွားနှုန်းမြင့်တက်ခဲ့ပြီး ၎င်းရောဂါကြောင့် နိုင်ငံပေါင်း ၁၂၈ နိုင်ငံတွင် နှစ်စဉ်ခန့်မှန်းခြေအားဖြင့် ဖြစ်ပွားသူ ၉၆ သန်းခန့်နှင့် သေဆုံးသူဦးရေ ၄၀၀၀၀ ခန့်ရှိသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနှုန်းသည် ၂၀၀၀ ပြည့်နှစ်မှစ၍ ယခင်ကာလများထက် ရှစ်ဆပို၍ မြင့်တက်လာခဲ့ရာ လူများရွှေ့ပြောင်းသွားလာမှု၊ မြို့ပြနယ်မြေများ ကျယ်ပြန့်လာမှုတို့နှင့်အတူ ရာသီဥတုပြောင်းလဲမှု ပြဿနာတို့ကြောင့် မြင့်တက်လာခဲ့ရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏အဆိုအရ ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ၅၀၀၀၀၀ သာရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင် ဆယ်ဆမြင့်တက်လာပြီး ငါးသန်းထိရှိလာခဲ့ကြောင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ သယ်ဆောင်သောခြင်များသည် ၂၀၀၀ ပြည့်နှစ်မှစ၍ ဥရောပနိုင်ငံပေါင်း ၁၃ နိုင်ငံထိ ပျံ့နှံ့လျက်ရှိခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ၄ ဒသမ ၂ သန်းထိရှိခဲ့ပြီး ယခုနှစ်တွင်လည်း သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုမှာ စံချိန်သစ်တင်လုနီးပါး မြင့်တက်လာနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က သတိပေးထားသည်။ လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အဆိုးရွားဆုံး သွေးလွန်တုပ်ကွေးရောဂါကူးစက်ပြန့်ပွားမှုနှင့် ရင်ဆိုင်နေရပြီး လူဦးရေ ၁၀၀၀ ကျော် သေဆုံးခဲ့သည်။ ထို့နည်းတူ အမေရိကန်နိုင်ငံ၊ ဥရောပနှင့် အာဖရိကတိုက်ဒေသများတွင်လည်း ကပ်ရောဂါအသွင်ဖြစ်လာနိုင်ပြီး ကျန်းမာရေးခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က ပြောကြားသည်။

**ငှက်ဖျားရောဂါ**

အနော့ဖလိခြင်သည် ငှက်ဖျားရောဂါကိုဖြစ်ပွားစေသဖြင့်အသေအပျောက်အများဆုံးတိရစ္ဆာန်အဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းစာအုပ်တွင် ဖော်ပြခံရသည်။ ငှက်ဖျားရောဂါသည် သမိုင်းတစ်လျှောက်၌ လူသားများ၏ ထက်ဝက်ခန့်ကိုသေဆုံးစေခဲ့ကြောင်းနှင့် ၎င်းခြင်ကြောင့် ကျောက်ခေတ်မှ ယနေ့ခေတ်ထိ လူဦးရေ ၁၀၀ လျှင် ဦးရေ ၅၀ ခန့် ငှက်ဖျားရောဂါဖြင့် သေဆုံးနေရကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါးသည် ငှက်ဖျားရောဂါဖြစ်နိုင်ခြေရှိပြီး ၂၀၂၂ ခုနှစ် တစ်နှစ်တည်းတွင် ကမ္ဘာတစ်ဝန်း ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ ၂၄၇ သန်းခန့်ရှိခဲ့သည်။ ငှက်ဖျားရောဂါဖြစ်ပွားမှုသည် ၂၀၂၀ ပြည့်နှစ်မတိုင်မီက နှေးကွေးခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် ဆက်လက်မြင့်တက်ခဲ့သည်။ ခန့်မှန်းခြေအားဖြင့် ငှက်ဖျားရောဂါကြောင့် သေဆုံးမှုအရေအတွက်သည် ၂၀၂၂ ခုနှစ်တွင် ဦးရေ ၆၁၉၀၀၀ ရှိခဲ့သည်။ အာဖရိကဒေသသည် ငှက်ဖျားရောဂါဖြစ်ပွားမှုအများဆုံးဖြစ်သည်။ လက်ရှိကြုံတွေ့နေရသော ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် ငှက်ဖျားရောဂါကို ပိုမိုကျယ်ပြန့်စေသဖြင့် ၂၀၃၀ ပြည့်နှစ်နှင့် ၂၀၅၀ ပြည့်နှစ်ကြား လူဦးရေ ၆၀၀၀၀ ခန့် ငှက်ဖျားရောဂါကြောင့် သေဆုံးနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က ခန့်မှန်းထားသည်။

ယနေ့ကာလတွင် ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ နိုင်ငံများတွင် သာမက ကမ္ဘာတစ်ဝန်း၌ ပြန်လည်ခေါင်းထောင်လာသောကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်လာသည်။ ရာသီဥတုပြောင်းလဲခြင်း၊ ခရီးသွားလာမှုများပြားလာခြင်း၊ ဆေးယဉ်ပါးသောငှက်ဖျားပိုးများပျံ့နှံ့လာခြင်း၊ ငှက်ဖျားဆေးဝါးအတုများနှင့် အရည်အသွေးမပြည့်မီသောဆေးဝါးများကိုအသုံးပြုမိခြင်း၊ ငှက်ဖျားဖြစ်စေသောခြင်များ၏ အလေ့အထပြောင်းလဲလာခြင်းတို့သည် ငှက်ဖျားရောဂါကို ခေါင်းမော့လာစေသောအချက်များဖြစ်သည်။

**ဆင်ခြေထောက်ရောဂါ**

လွန်ခဲ့သော ဆယ်စုနှစ်ခန့်ကာလအတွင်း လေ့လာမှုမှတ်တမ်းများအရ အရှေ့တောင်အာရှဒေသဆိုင်ရာ ၁၁ နိုင်ငံအနက် မြန်မာနိုင်ငံအပါအဝင် ခုနစ်နိုင်ငံသည် ဆင်ခြေထောက်ရောဂါ အမြစ်တွယ်မှုရှိနေပြီး ပြည်သူလူထုအတွင်း ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်ခဲ့သည်။ ၎င်းကာလ မြန်မာနိုင်ငံတွင် ဆင်ခြေထောက်ရောဂါ အမြစ်တွယ်မှုရှိသောခရိုင်ပေါင်း ၄၅ ခရိုင်ရှိခဲ့ရာ အဆိုပါ ဆေးသောက်ရမည့် (ဦးတည်အုပ်စု) ခရိုင်များတွင် ပါဝင်သူများအားလုံး ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးရန် စီမံချက်တစ်ရပ် ချမှတ်ခဲ့သည်။ "သက္ကရာဇ် ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံတွင် ဆင်ခြေထောက်ရောဂါကင်းဝေးရေး"ဟူသော ရည်မှန်းချက်ဖြင့် တစ်နှစ်လျှင် တစ်ကြိမ်၊ အနည်းဆုံး ငါးနှစ်ဆက်တိုက် တိုက်ကျွေးလာခဲ့သည်။ သို့သော် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါ ပေါ်လာသဖြင့် ဆေးသောက်ရမည့် ဦးတည်အုပ်စုတချို့ လစ်ဟာခဲ့ရသည်။

ထိုရောဂါသည် သေစေနိုင်သောရောဂါမဟုတ်သော်လည်း ခြေလက်အင်္ဂါပုံသဏ္ဍာန် ပျက်ယွင်းခြင်းကြောင့် အလုပ်အကိုင်၊ စီးပွားရေး၊ လူမှုရေး ထိခိုက်နစ်နာ ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ရသည်။ ဆင်ခြေထောက်ရောဂါ ကူးစက်မှုရှိသောဒေသများရှိ လူအားလုံးကို တစ်နှစ်လျှင်တစ်ကြိမ် ဆင်ခြေထောက်ရောဂါကင်းဝေးစေရေး သန်ချဆေးပေါင်းတိုက်ကျွေးသည့်အခါတွင် တစ်ချိန်တည်းတစ်ပြိုင်တည်း ဆေးသောက်မှသာ လူ၏ခန္ဓာကိုယ်တွင်ရှိသော ဆင်ခြေထောက်ရောဂါပိုး သန်ကောင်များသည် တစ်ပြိုင်တည်းလျော့နည်းသွားပါလိမ့်မည်။ သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနမှ တစ်နှစ်လျှင်တစ်ကြိမ်၊ အနည်းဆုံး ငါးနှစ်ဆက်တိုက် သို့မဟုတ် မိမိဒေသ၊ မိမိပတ်ဝန်းကျင်တွင် ဆင်ခြေထောက်ရောဂါပိုးကူးစက်မှုမရှိတော့သည်ထိ တိုက်ကျွေးသည့် သန်ချဆေးပေါင်းများကို တစ်ဦးတစ်ယောက် တစ်အိမ်ထောင်မှသည် တစ်အုပ်စုလုံးမပျက်မကွက် လိုက်နာသောက်ကြရန်လိုပါသည်။

Albendazole သောက်ဆေး၏ ဘေးထွက်ဆိုးကျိုးမှာ ပျို့အန်ခြင်းဖြစ်သည်။ ဆင်ခြေထောက်ရောဂါ၏ သဘာဝအရ ဆေးသောက်ပြီးနောက် ခန္ဓာကိုယ်တွင်း ဆင်ခြေထောက်ပိုးများ သေကျေပျက်စီးသွားသဖြင့် ၎င်းတို့မှထွက်လာသော ဓာတ်ပစ္စည်းများကြောင့် ခန္ဓာကိုယ်တွင် ဖျားနာခြင်း၊ အင်ပျဉ်ထွက်ခြင်း၊ ခြေလက်များကိုက်ခဲ၍ မသယ်ချင်ဖြစ်ခြင်း၊ အမျိုးသားများတွင် ဝှေးစေ့ရောင်ခြင်း၊ ခြေထောက်အနည်းငယ်ရောင်ခြင်းတို့ဖြစ်တတ်သည်။ ၎င်းလက္ခဏာများသည် ဆေးသောက်ပြီး ၂၄ နာရီကျော်လျှင် စတင်ပေါ်လာပြီး နောက်ထပ် တစ်ရက်၊နှစ်ရက်အတွင်း သူ့အလိုလိုပျောက်သွားမည်ဖြစ်၍ စိုးရိမ်ဖွယ်မဟုတ်ပေ။ (၎င်းဘေးထွက်ဆိုးကျိုးများအတွက် B-6 သောက်ပါ။ ဓာတ်ပစ္စည်းများကြောင့် ဖျားလျှင် Paracetamol နှင့် အင်ပျဉ်ထလျှင် Anti histamine တို့သောက်ပေးနိုင်သည်)

**ဂျပန်ဦးနှောက်ရောင်ရောဂါ**

ဂျပန်ဦးနှောက်ရောင်ရောဂါ(Japanese Viral Encephalitis – JVE) သည် သွေးလွန်တုပ်ကွေးနှင့်အတူ Flavivirus အုပ်စုတွင် ပါဝင်သည်။ ၁၈၇၂ ခုနှစ်တွင် ကမ္ဘာ့ပထမဆုံးလူနာကိုဂျပန်နိုင်ငံမှာတွေ့ရှိခဲ့သဖြင့် "ဂျပန်ဦးနှောက်ရောင်ရောဂါအစ ဂျပန်နိုင်ငံက"ဟုဆိုသည်။ ၎င်းဗိုင်းရပ်စ်ပိုးက ဦးနှောက်တစ်ရှူးများရောင်ရမ်းပျက်စီးခြင်းကို ဖြစ်စေကာ ပြင်းထန်သောနောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပြီး အသက်ဆုံးရှုံးသည်ထိ ဖြစ်စေနိုင်သည်။ အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး ဖြစ်နိုင်ပြီး အဓိကအားဖြင့် အသက် ၁၅ အောက်ကလေးများတွင် အဖြစ်များသည်။ အသက်အရွယ်ကြီးသူများတွင် လည်းဖြစ်တတ်သည်ကို တွေ့ရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ မှတ်တမ်းများအရ JVE ရောဂါသည် ကမ္ဘာ့နှင့်အဝန်း နှစ်စဉ်လူနာဦးရေ ၆၈၀၀၀ ခန့်ဖြစ်လေ့ရှိပြီး သေဆုံးမှုစာရင်းမှာ ပျမ်းမျှ ဦးရေ ၁၃၆၀၀ မှ ၂၀၄၀၀ ထိ သေဆုံးနိုင်ကြောင်း၊ နှစ်စဉ် လူဦးရေ တစ်သိန်းလျှင် တစ်ဦး မှ ၁၀ ဦးနှုန်းထိ သို့မဟုတ် အစုလိုက်အပြုံလိုက်ကူးစက်မှုပြင်းထန်ကြောင်းသိရသည်။ ထို့ပြင် အရှေ့တောင်အာရှနှင့် ပစိဖိတ်အနောက်ပိုင်း ၂၄ နိုင်ငံတွင် လူဦးရေ သုံးဘီလီယံ ကူးစက်နိုင်ခြေရှိကြောင်း WHO မှ သတင်းထုတ်ပြန်ထားသည်။

၎င်းရောဂါသည် လူမှလူသို့ တိုက်ရိုက်ကူးစက်သောရောဂါမျိုးမဟုတ်ပေ။ ငှက်များနှင့် အိမ်မွေးတိရစ္ဆာန်များ၊ အထူးသဖြင့် ရေတွင် နားခိုကျက်စားသည့် တောငှက်ရိုင်းများနှင့် ဝက်များကို ရောဂါပိုးကူးစက်ဝင်ရောက်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ၌ ဝက်များသည် ရောဂါပိုးလက်ခံသိုလှောင်ရာတိရစ္ဆာန်ဖြစ်ကြောင်းတွေ့ရသည်။ ကူးစက်ပုံအဆင့်ဆင့်မှာ ဝက်၊ ငှက်၊ ဘဲ၊ ခို၊ လင်းနို့ စသည့် သတ္တဝါတို့၏ ခန္ဓာကိုယ်ထဲမှ JVE ဗိုင်းရပ်စ်ပိုးများ ပေါက်ပွားကြပြီးနောက် ၎င်းသတ္တဝါတို့မှ ပိုးသည် ခြင်မှတစ်ဆင့် လူသို့ကူးစက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝက်၊ ငှက်၊ ဘဲ၊ ခို၊ လင်းနို့သတ္တဝါများနှင့် အနေနီးသူများတွင် ၎င်းရောဂါအဖြစ်များသည်။

**ခြင်နှင့်ပတ်သက်သောထူးခြားဖြစ်စဉ်များ**

လာမည့် ဆယ်စုနှစ်အနည်းငယ်အတွင်း ဥရောပမြောက်ပိုင်းနှင့် အခြားကမ္ဘာ့ဒေသများ၌ ကမ္ဘာကြီးပူနွေးလာမှုအကျိုးဆက်အဖြစ် ခြင်မှတစ်ဆင့်ကူးစက်တတ်သည့်ရောဂါများ ပျံ့နှံ့လာနိုင်ကြောင်း စပိန်သုတေသီများက သတိပေးထားသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲခြင်းပြဿနာကြောင့် ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများသည် ခြင်များနှင့်အတူ ကမ္ဘာ့နေရာအနှံ့အပြားသို့ ရောက်သွားနိုင်ကြောင်း သုတေသီများက သတိပေးထားသည်။

အာရှ၊ အာဖရိက၊ ဥရောပနှင့် အမေရိကတိုက်တို့ရှိ နိုင်ငံပေါင်း ၆၀ ကျော်တွင် ဖြစ်ပွားလေ့ရှိသော ချီကန်ဂန်ညာ ခေါ် ဆင်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားပြီး ခြင်ကျားအကိုက်ခံရရာမှတစ်ဆင့် ကူးစက်တတ်သောရောဂါတစ်မျိုး ဖြစ်သည်။

အချုပ်ဆိုရသော် ကမ္ဘာကြီးတွင် မည်သို့သောရောဂါများဖြစ်စေ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်နိုင်ပါက ရောဂါမှန်သမျှကို ကြိုတင်ဟန့်တားနိုင်မည်ဖြစ်သည်။ ခြင်မှတစ်ဆင့် ဖြစ်ပွားနိုင်သောရောဂါများကို ကာကွယ်ရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ ခြင်အကိုက်မခံရစေရန် ဖြစ်သည်။ ထို့ကြောင့် အများပြည်သူတို့အနေဖြင့် ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အလေးထား လိုက်နာကြရန် လိုအပ်ပါကြောင်း အကြံပြုရေးသား လိုက်ရပါသည်။

# တေးသံရှင် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၏ လက်ထပ်ကြမယ် တေးသီချင်း Music Video(MV) ထွက်ရှိလာ



ရန်ကုန် အောက်တိုဘာ ၂၀

တေးသံရှင် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၏ လက်ထပ်ကြမယ် တေးသီချင်း Music Video (MV) ထွက်ရှိလာပြီဖြစ်ကြောင်း တေးသံရှင် သရုပ်ဆောင် စိုင်းစိုင်း ခမ်းလှိုင်က ပြောပြ၍ သိရသည်။

လက်ထပ်ကြမယ် တေးသီချင်း Music Video (MV) ကို စိုင်းစိုင်း ခမ်းလှိုင်က ရေးသားထားပြီး စိုင်းစိုင်းခမ်းလှိုင်နှင့် မောင်မောင် ပြည့်စုံတို့က သီဆိုထားကာ ဒါရိုက်တာ ဝင်းလွင်ထက် က သရုပ်ဖော် ရိုက်ကူးထားကြောင်း သိရသည်။

"မူလလက်ဟောင်း စိုင်းစိုင်း Album ထဲက တတိယမြောက် Single သီချင်းဖြစ်တဲ့ လက်ထပ်ကြမယ်သီချင်းပါ။ ဒီသီချင်းကိုတော့ မောင်မောင်ပြည့်စုံနဲ့အတူ ဆိုထားတာပါ။ သီချင်းနာမည်ကို ရိုးရိုးလေး ပေးထားတယ်။ လက်ထပ်ကြမယ် သီချင်းက ကိုယ့်ကောင်လေး၊ ကောင်မလေးကို မပြောရဲလို့ ရှိရင် Mention ခေါ်လိုက်ရုံပဲ။ ဒီသီချင်းလေးက ပရိသတ်တွေ အတွက် ကျွန်တော့်ရဲ့မင်္ဂလာ လက်ဖွဲ့ပါ။ သီချင်းအားဖြင့် စိတ်အပန်းပြေနိုင်ပါစေ"ဟု တေးသံရှင် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

အဆိုပါတေးသီချင်း MV ၌ သရုပ်ဆောင် ထူးအောင်၊ မေဂရေ့စ်၊ Host အနေဖြင့် ဆန်းထွဋ်၊ ဂျွန်လွင်၏ Stars & Models Int'l မှ မော်ဒယ်များက ပါဝင်ထားကြောင်း သိရသည်။ ASH

# Maserati: The Brothers ဇာတ်ကား၌ မင်းသား ဗစ်ချီလီမော်ရိုနီ ပါဝင်မည်

နယူးယောက် အောက်တိုဘာ ၂၀

Maserati: The Brothers အမည် အတ္တုပ္ပတ္တိ ဇာတ်ကားသစ်၌ မင်းသား ဗစ်ချီလီမော်ရိုနီ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း အောက်တိုဘာ ၁၉ ရက် သတင်းများအရ သိရသည်။

Maserati: The Brothers ဇာတ်ကားတွင် ဗစ်ချီလီမော်ရိုနီသည် မင်းသားကြီး အန်တိုနီဟော့ဘင်းနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါဇာတ်ကားသည် အီတလီနိုင်ငံ Maserati ဇိမ်ခံကားကုမ္ပဏီကိုပိုင်ဆိုင်သည့် မိသားစု၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

မင်းသား မစ်ချီလီမော်ရိုနီသည် Maserati: The Brothers ဇာတ်ကား၌ အယ်ဖီရာနီ-၂ မာဆီရာတီ ဇာတ်ကောင်နေရာတွင် သရုပ်ဆောင်ရမည်ဖြစ်သည်။

Maserati: The Brothers ဇာတ်ကားကို အော်စကာဆုရ ဒါရိုက်တာ ဘော့ဘီမိုရက်စကိုက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။


လက်ရှိတွင် Maserati: The Brothers ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





# တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်း၊ ဇော်ပိုင်တို့က Iron Cross Band နှင့်အတူ အလုံမြို့နယ်ရှိ Modern Radio ၌ တေးဂီတဖျော်ဖြေပွဲ ပြုလုပ်မည်




ရန်ကုန် အောက်တိုဘာ ၂၀

တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်း၊ ဇော်ပိုင်တို့က Iron Cross Band နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Modern Radio တွင် တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၂၆ ရက်၌ ပြုလုပ်မည် ဖြစ်ကြောင်း တေးသံရှင် ဇော်ပိုင်က ပြောပြ၍ သိရသည်။

Iron Cross Band နှင့်အတူ တေးဂီတပရိသတ်များ လက်ခံအားပေးမှုများ ရရှိထားသည့် တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်း၊ ဇော်ပိုင်တို့၏ အောင်မြင်ထင်ရှား လူကြိုက်များခဲ့သည့် သီချင်းများကို အဆိုပါတေးဂီတဖျော်ဖြေပွဲတွင် နားဆင်ရမည်ဖြစ်ပြီး ထင်ရှားသည့် Iron Cross Band ၏တီးခတ်မှုများ၊ လိဒ်ဂစ်တာ အကျော်အမော် ချစ်စမ်းမောင်၏ လက်စွမ်းပြဂီတသံများကိုလည်း နားဆင်ကြရမည် ဖြစ်ကြောင်း သိရသည်။

"အကောင်းဆုံး ဖျော်ဖြေတင်ဆက်မှုပုံစံတွေကိုပဲ ပြသချင်တဲ့ Modern Radio ရဲ့ ထူးထူးခြားခြား အစီအစဉ်သစ်တစ်ခုပါ။ ကျွန်တော်တို့ရဲ့ ပရိသတ်တွေအလွတ်ရပြီးသား တေးသီချင်းတွေကို Acoustic ပုံစံနဲ့ ပြန်လည်ဆန်းသစ်သီဆိုမှာဖြစ်လို့ သေချာပေါက် နားဆင်သင့်တဲ့ပွဲဖြစ်ပါတယ်"ဟု တေးသံရှင် ဇော်ပိုင်က ပြောပြသည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို Modern Radio Star Lounge တွင် အောက်တိုဘာ ၂၆ ရက်ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးမည် ဖြစ်ကြောင်း သိရသည်။ ASH

# The Running Man ဇာတ်ကား၌ မင်းသား ဂျို့ဘရော်လင် ပါဝင်ဖွယ်ရှိ

နယူးယောက် အောက်တိုဘာ ၂၀

Paramount ရုပ်ရှင်ကုမ္ပဏီ၏ The Running Man ဇာတ်ကား၌ မင်းသား ဂျို့ဘရော်လင် ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၁၉ ရက် သတင်းများအရ သိရသည်။


လက်ရှိတွင် The Running Man ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် မင်းသား ဂျို့ဘရော်လင်နှင့် Paramount ရုပ်ရှင်ကုမ္ပဏီတို့ကြား အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်နေသည်။

အပြီးသတ် သဘောတူချက်ရရှိခဲ့ပါက မင်းသား ဂျို့ဘရော်လင်သည် မင်းသား ဂလန်းပိုဝဲ၊ မင်းသမီး ကေတီအိုဘရိုင်ယန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသား ဂျို့ဘရော်လင်သည် The Running Man ဇာတ်ကားတွင် အဓိကဗီလိန်ဇာတ်ကောင်နေရာမှ သရုပ်ဆောင်ရမည်ဖြစ်ပြီး The Running Man ဇာတ်ကားသည် ကမ္ဘာကျော်အမေရိကန်ထိတ်လန့်သည်းဖို စာရေးဆရာ စတီဖင်ကင်း၏ The Running Man ထိတ်လန့်သည်းဖိုဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ အက်ဂါရိုက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ရိုက်ကူးရေးလုပ်ငန်းကို လာမည့်နှစ် နှစ်စပိုင်းတွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ စတင်ရိုက်ကူးဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ဗိုက် ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်ပွဲကို လမ်းမတော်မြို့နယ် စိန့်ဂျွန်းရှော့ပင်းမော၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဗိုက် ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်း မိတ်ဆက်ပွဲကို အောက်တိုဘာ ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ စိန့်ဂျွန်း ရှော့ပင်းမော၌ ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ရှင်မွေလက ပြောပြ၍ သိရသည်။

ဗိုက် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ရာဇဝင်ကိုက ရေးသားထားပြီး ကြယ်စုသစ်က ဇာတ်ညွှန်းရေးသားကာ အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေး အတွက် ဒါရိုက်တာ စိုးမိုးမင်းက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ အချစ်ဟာသဇာတ်မြူးလေးပါ။ ကျွန်တော်တို့ ဒီဇာတ်ကားရိုက်ကူးဖို့ ကမ်းလှမ်းချိန်မှာ ဘယ်လိုဇာတ်လဲလို့ မေးကြည့်တော့ ဗိုက်ကြီးသည် နေရာက သရုပ်ဆောင်ရမယ်ဆိုတော့။ ဘယ်သူ့ကိုပြောတာလဲ လူမှားပြောနေတာလား ပြန်မေးရတယ်။ ပြီးတော့မှ ဟုတ်တယ် တကယ်ဆိုတော့ အံ့သြသွားရတာပါ။ ကိုယ်ဝန်ဆောင်သည်တွေကို လေ့လာပြီး ကြည့်ရတာပေါ့။ ကိုယ်တိုင်လဲ ဟာသဇာတ်လမ်းဆို သဘောကျပါတယ်။ ပရိသတ်တွေလဲ ဘဝအမောတွေပြေစေမယ်လို့ထင်ပါတယ်"ဟု သရုပ်ဆောင် ရှင်မွေလက ပြောပြသည်။

ဗိုက် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ထက်အောင်၊ ရှင်မွေလ၊ ဝီလီ၊ မင်းပိုင်၊ မြတ်ကေသီအောင်၊ လီလီကျော်ခိုင်နှင့် ကြယ်စင်ဖြူ၊ မမဆောင်း၊ မျိုးမျိုးခိုင်၊ မအေးသီတာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing, his wife Daw Kyu Kyu Hla enjoy participation of contestants in 25th Performing Arts Competitions




Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch performances and dances in Chin styles presented by a troupe representing Sagaing Region.

**Nay Pyi Taw October 20**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla this afternoon watched participation of contestants at the Central Level of the 25th Silver Jubilee Myanmar Traditional Cultural Performing Arts Competitions at the Myanmar International Convention Centre-II (MICC-II) in Nay Pyi Taw.

Also present at the competitions together with the Senior General and his wife were council members and their spouses, Union Ministers, union-level dignitaries and their spouses, the Nay Pyi Taw Council Chairman, high-ranking military officers from the Office of the Commander-in-Chief and their wives, deputy ministers, members of the panel of judges assessing the competitions, supervisors, contestants from regions and states, ethnic brethren, as well as citizens who cherish cultural performing fine arts.

The Senior General, his wife and party watched performances and dances in Chin styles presented by each troupes from regions and states at the open level of the Chin traditional dancing contest, portraying natural beauties of the Chin State and traditional cultures and customs at Plenary Hall, with a Chin traditional song titled "Welcome to Chin Hills".

After the competition, the Senior General and his wife warmly conversed with members of the panel of judges and contestants.

In the evening, the Senior General and his wife together with audiences enjoyed competitions of troupes in the marionette contest of the 25th Performing Arts Competitions at Yinkyayhmu Yadana Hall of the Ministry of Religious Affairs and Culture.

First, Yadanabon marionette troupe representing Mandalay Region showed off their performing arts talents and skills with dances and dialogues to compete in the "Vessantara" drama contest at the amateur (first grade) level with the essence of consequences of Sila and competitiveness in Dhamma and Adhamma exercised by noble persons in serving interests of others under the nature of Paramattha Parami.

The Senior General and his wife cordially greeted members of the panel of judges for the marionette contest and contestants.

The Performing Arts Competitions commenced in 1993, and the "Vidhura" drama contest was designated for marionette event in 1998. As such, the art of marionette which had faded out for some years resurged.

As the Performing Arts Competitions together with the art of marionette was halt for some reasons,

*See Page 13*



Senior General Min Aung Hlaing shakes hands with a member of the panel of judges.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch performances by Yadanabon marionette troupe representing Mandalay Region.

*From Page 12*

the art of marionette was rejuvenated with the presentation of Vessantara Drama which resumed at the 23rd Performing Arts Competitions in order to preserve Myanmar traditional cultural heritage. Moreover, the contest of marionette aims to admire and emulate the deep Dana Parami exercised by King Vessantara, understand varieties of Parami based on Dana Parami and comprehensively accumulate knowledge about the history of Buddhism for enhancement of perception and morality. 100

# Yinmabin District finishes cultivation of vegetables on more than 19,000 acres of croplands



A thriving kitchen crop plantation.

**Yinmabin October 20**

A total of 19,444 acres of vegetables has so far been planted in Yinmabin District of Sagaing Region, according to the statistics of Yinmabin District Agriculture Department.

Local farmers started cultivation of 19,444 acres of vegetables in May this year, against the target of 19,698 acres of vegetables.

Daw Myat Moe Win, Head of Yinmabin District Agriculture Department said: “This year, local authorities earmarked 19,698 acres of vegetables in Yinmabin District but local farmers have so far planted 19,444 acres. Our department helped local farmers meet the target cultivation. They grow mustard, chilli, spicy, potato, cauliflower, eggplants, Chinese cauliflower and cabbage. Our department urged local farmers to use GAP system in growing crops and produce healthy vegetables with least chemical residues.”

In Yinmabin District, Yinmabin Township finished cultivation of 5,782 acres of vegetables, Kani Township 5,570 acres, Salingyi Township 6,532 acres and Pale Township 1,560 acres, totalling 19,444 acres.

This monsoon, local authorities earmarked cultivation of 6,027 acres of vegetables in Yinmabin Township, 5,567 acres in Kani Township, 6,550 acres in Salingyi Township and 1,554 acres in Pale Township, totalling 19,698 acres.

Officials of Township Agriculture Departments conducted training courses for enhancement of capacity of local farmers and agricultural staff to grow vegetables successfully in their respective townships. Moreover, techniques were shared with local farmers to know production of healthy crops and expansion of sown acreage.

Thanks to thriving crops and expansion of sown acreage, local farmers can earn increased incomes for their families. 206

# More than 11,000 acres of green gram planted in Budalin Township

**Budalin October 20**

Budalin Township Agriculture Department stated that local farmers have planted 11,366 acres of green gram in Budalin Township of Sagaing Region.

In 2024-25 monsoon season, the local authorities earmarked 110 acres of pre-monsoon green gram and 11,232 acres of monsoon green gram in the township, totalling 11,342 acres but local farmers grew 48 acres of pre-monsoon green gram and 11,318 acres of monsoon green gram, totalling 11,366 acres, exceeding the target cultivation.

U Phyo Wai, Head of Budalin Township Agriculture Department, commented: “Local farmers planted 11,366 acres of green gram exceeding the target of 11,342 acres in Budalin Township. We have more plans to educate local farmers to expand sown acreage of green gram in the township with using quality stains of crops.”

This year, the township Agriculture Department raises farmer awareness to use quality strains of crops, correct agricultural techniques, prevention of pests, systematic broadcasting of fertilizers and boosting of per-acre yield of crops.

Moreover, the department cooperates with local farmers for boosting per-acre yield of green gram with provision of agricultural techniques and post-harvest technology. 206

# Cambodia collects 26.3 mln USD for border infrastructure development

**Phnom Penh October 20**

Cambodia has raised 26.3 million U.S. dollars from charitable people for border infrastructure development as the fundraising campaign will be concluded by month's end, said an official announcement on Sunday.

Cambodian Prime Minister Hun Manet launched on Aug. 26 the Border Infrastructure Development Fund (BIDF), aimed at raising additional funds to enhance infrastructure along the country's borders, with a prioritized focus on the construction of a border ring road.

"As of Oct. 20, 2024, nearly 700,000 people have voluntarily donated a total of 26.3 million U.S. dollars to the BIDF," said the announcement from the Prime Minister's cabinet.

"The proceeds will be used to construct infrastructure along the borders, focusing on the development of a border ring road," the announcement added.

The fundraising campaign will be closed on Oct. 31, 2024, the announcement said.

Hun Manet said last month that since 1994, Cambodia has built a border ring road with a length of around 1,300 km, or about 50 percent of the total. Xinhua

# At least 73 Palestinians killed by Israeli bombing in N. Gaza

**Gaza October 20**

At least 73 Palestinians were killed on Saturday by Israeli bombing in the town of Beit Lahia in the northern Gaza Strip, the Hamas-run Gaza government media office said.

The Israeli army bombed some residential areas in Beit Lahia, also leaving dozens of others wounded or missing, most of whom are children and women, the media office said in a statement.

Hamas held Israel, the U.S. administration, and some European countries fully responsible for the continuation of the crime, it added.

There was no immediate Israeli comment on the attack.

Also on Saturday, Philippe Lazzarini, commissioner-general of the UN Relief and Works Agency for Palestine Refugees in the Near East (UNRWA), said on social media platform X that another 20,000 people were forced to flee the Jabalia refugee camp in northern Gaza on Friday as the war across the Strip continues unabated. Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဆွီဒင်နှင့် BAE ကုမ္ပဏီတို့ Tridon Mk2 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်တီထွင်ထုတ်လုပ်ရန် သဘောတူလက်မှတ်ရေးထိုး



ဆွီဒင်နိုင်ငံ ကာကွယ်ရေးပစ္စည်းအုပ်ချုပ်ရေးအဖွဲ့နှင့် BAE Systems Bofors ကုမ္ပဏီတို့သည် Tridon Mk2 မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို တီထွင်ထုတ်လုပ်ရန်ရည်ရွယ်သည့် ကနဦးသဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် Tridon Mk 2 သရုပ်ပြစနစ်တစ်စုံကို တီထွင်ထုတ်လုပ်ရန် ရည်ရွယ်ထားကြောင်း BAE Systems Bofors ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာ Lena Gillström က ပြောကြားခဲ့သည်။

BAE Systems Bofors ကုမ္ပဏီသည် လေကြောင်းရန်ကာကွယ်ရေးတွင် အထင်ကြီးလောက်သော သမိုင်းမှတ်တမ်းများ ပိုင်ဆိုင်ထားရှိပြီး ဆွီဒင်နိုင်ငံနှင့် မဟာမိတ်လုပ်ဖော်ကိုင်ဖက်များ၏ လေကြောင်းရန်ကာကွယ်ရေး စွမ်းဆောင်ရည်များ အားကောင်းနေစေရန် နှစ်ပေါင်းများစွာ လုပ်ဆောင်ခဲ့ကြသည်ဟု Gillström က ပြောကြားခဲ့သည်။

ယခုတစ်ကြိမ်တွင်လည်း ဆွီဒင်နိုင်ငံနှင့်အတူ မဟာမိတ်နိုင်ငံများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နောက်ဆုံးထုတ် Tridon Mk2 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် သရုပ်ပြစနစ်တစ်စုံကို တီထွင်ထုတ်လုပ်ပေးနိုင်လိမ့်မည်ဖြစ်သည်ဟု Gillström က ထည့်သွင်းပြောကြားခဲ့သည်။

ယူကရိန်းပဋိပက္ခမှ သင်ခန်းစာဖော်ထုတ်ချက်များအရ ဆွီဒင်နိုင်ငံသည် လေကြောင်းခြိမ်းခြောက်မှုများရန်မှ စစ်ဘက်နှင့်အရပ်ဘက် အခြေခံအဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ရန် စွမ်းဆောင်ရည်သစ်များပိုင်ဆိုင်ထားနိုင်ရေးအပေါ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဆွီဒင်နိုင်ငံသည် Tridon Mk2 လက်နက်စနစ်၏ တန်ပြန်ဒရုန်းကာကွယ်တိုက်ဖျက်နိုင်မှု စွမ်းဆောင်ရည်ကို စမ်းသပ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါလက်နက်စနစ်ကို ဇွန်လအစောပိုင်း၌ ပြုလုပ်ကျင်းပခဲ့သော Eurosatory 2024 ကာကွယ်ရေးပြပွဲတွင် ထုတ်ဖော်ပြသခဲ့ပြီး ဒရုန်းများ၊ လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် သံချပ်ကာယာဉ်များကဲ့သို့သော ခြိမ်းခြောက်မှုပစ်မှတ်များကို ထိရောက်စွာတုံ့ပြန်နိုင်စွမ်းရှိကြောင်း သိရသည်။ ၎င်းသည် ဒုတိယကမ္ဘာစစ်အတွင်း တွင်ကျယ်စွာအသုံးပြုခဲ့သည့် Bofors ၄၀ မီလီမီတာ လေယာဉ်ပစ်အမြောက်ကိုအခြေခံထားပြီး ထိရောက်မှုအကွာအဝေး ၁၂ ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

Self-Propelled (ယာဉ်တင်)စနစ်သည် မော်ဂျူလာဒီဇိုင်း (ပြောင်းလွယ်ပြင်လွယ်) ဖွဲ့စည်းပုံပါရှိပြီး ယာဉ်တင်(ရွေ့လျား)နှင့် ပုံသေအခြေစိုက် ပလက်ဖောင်းအမျိုးမျိုးတွင် တပ်ဆင်အသုံးပြုနိုင်သည်။ ဇူလိုင်လ အစောပိုင်းတွင် ဗြိတိန်နိုင်ငံအခြေစိုက် Chess Dynamics ကုမ္ပဏီကို လက်နက်စနစ်အတွက် ပစ်ခတ်မှုထိန်းချုပ်ရေးစနစ် တီထွင်ထုတ်လုပ်ရန် BAE Systems Bofors ကုမ္ပဏီက ရွေးချယ်တာဝန်ပေးခဲ့ကြောင်း သိရသည်။

**Sweden Partners BAE for Tridon Mk2 Air Defense Demonstrator ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက ဒရုန်းရန်ကာကွယ်ရေးအတွက် ZSU-23-4 Shilka လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပြန်လည်မွမ်းမံအသုံးပြု

၂၀၂၄ ခုနှစ်တွင် အမှတ်(၂၄၂) ယူကရိန်းတပ်မတော်လေ့ကျင့်ရေးသင်တန်းကျောင်းက ထုတ်ပြန်ထားသော ဓာတ်ပုံများအရ ယူကရိန်းနိုင်ငံသည် လေကြောင်းကာကွယ်ရေးသင်တန်းတွင် စစ်သည်များကို ပြန်လည်မွမ်းမံထားသော ZSU-23-4 Shilka လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များအသုံးပြု၍ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်ဟု Army Recognition သတင်းဌာနက အောက်တိုဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနှင့် ပဋိပက္ခအခြေအနေအတွင်း ယူကရိန်းသည် ZSU-23-4 Shilka 23mm လေယာဉ်ပစ်အမြောက် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် အပါအဝင် ဆိုဗီယက်ခေတ်ထုတ် လေကြောင်းရန်ကာကွယ်ရေးစနစ်တချို့ကို ပြန်လည်မွမ်းမံအသုံးပြုရန် ဆုံးဖြတ်ခဲ့ကြသည်။

၂၃ မီလီမီတာ အလိုအလျောက်ပစ်ခတ်နိုင်သော လေယာဉ်ပစ်အမြောက်လေးလက် တပ်ဆင်ထားသော ချိန်းတပ်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် ဆိုဗီယက်ပြည်ထောင်စုတပ်မတော်အတွက် ၁၉၆၀ ပြည့်လွန်နှစ်များတွင် အနိမ့်ပျံလေယာဉ်များကို တိုက်ခိုက်ချေမှုန်းရန် ထုတ်လုပ်ထားခဲ့ခြင်းဖြစ်သည်။ ယနေ့ခေတ်သစ်စစ်ပွဲများသည် စိန်ခေါ်မှုအသစ်များဖြင့် ရင်ဆိုင်လာခဲ့ကြရပြီး ဤသို့သော ခေတ်ဟောင်းလက်နက်စနစ်များသည် ယူကရိန်းအတွက် ရှေ့တန်းစစ်မျက်နှာများနှင့် အခြေခံအဆောက်အအုံများအပေါ် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည့် ဒရုန်းရန်ကာကွယ်တိုက်ဖျက်ရေးအခန်းကဏ္ဍတွင် အထူးအသုံးဝင်စေသည်။

ယူကရိန်း၏ Shilkas များသည် ၂၀၀၀ ပြည့်နှစ်အစောပိုင်းက ခေတ်မီအောင်ပြုလုပ်ထားသော ပိုလန်နိုင်ငံရှိ ZSU-23-4 Biała အမျိုးအစားနှင့်မတူဘဲ လက်ရှိဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်ရန် စွမ်းဆောင်ရည်များတွင် နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်းမရှိဘဲ မွမ်းမံထားခြင်းဖြစ်သည်။ ယူကရိန်းနိုင်ငံ၏ ZSU-23-4 Shilka လက်နက်စနစ်တွင် မူရင်းဆိုဗီယက်ခေတ် ဒီဇိုင်းများအတိုင်းဖြစ်ပြီး သိသာထင်ရှားသော အဆင့်မြှင့်တင်ထားခြင်းမရှိဘဲ ပြုပြင်မွမ်းမံခြင်းသာဖြစ်သည်။

ယူကရိန်းနိုင်ငံရှိ Shilka လေယာဉ်ပစ်အမြောက်စနစ်သည် အချိန်ကြာကြာ တိုက်ပွဲဝင်နိုင်စေရန် ၂၃ မမ ကျည် ၂၀၀၀ ခန့်ကို သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ သို့သော်လည်း အဆင့်မြင့်ခဲယမ်းများ အသုံးပြုပစ်ခတ်နိုင်ခြင်းမရှိသောကြောင့် လက်ရှိခြိမ်းခြောက်မှုများအတွက် ကန့်သတ်ချက်များရှိနေနိုင်မည်ဖြစ်သည်။ ဤသို့ ကန့်သတ်ချက်များရှိနေသော်လည်း ယူကရိန်းနိုင်ငံရှိ Shilka လေယာဉ်ပစ်အမြောက်စနစ်သည် တာတိုပစ်လေ



ကြောင်း ကာကွယ်ရေးအတွက် အဖိုးတန်လက်နက်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေပြီး ကုန်ကျစရိတ်သက်သာစွာ၊ ထိရောက်စွာ တိုက်ပွဲဝင်နိုင်မှုတို့ဖြင့် ဆိုဗီယက်ခေတ်ထုတ် လေယာဉ်များနှင့် သမားရိုးကျ UAV များကို ပစ်ချဖျက်ဆီးနိုင်မည်ဖြစ်သည်။ လေယာဉ်များကို တန်ပြန်ပစ်ချရန်အတွက် ဒီဇိုင်းထုတ်ထားသော်လည်း Shilka လက်နက်စနစ်သည် ယနေ့ခေတ်တွင် လေကြောင်းခြိမ်းခြောက်မှုတစ်ခုဖြစ်သည့် ဒရုန်းများကို တန်ပြန်ရာတွင် အသုံးဝင်မှုမြင့်မားနေဆဲပင်ဖြစ်သည်။

Shilka ၏ ရေဒါသည် လက်ရှိပဋိပက္ခတွင် အသုံးများနေသော Shahed ဒရုန်းများကဲ့သို့ ပစ်မှတ်များကို ထောက်လှမ်းနိုင်ပြီး တာတိုပစ်စွမ်းရည်များသည် ယူကရိန်း၏ မဟာဗျူဟာမြောက် အချက်အချာနေရာများကိုကာကွယ်ရန်အတွက် စီးပွားရေးအရ တွက်ခြေကိုက်သော လက်နက်စနစ်တစ်ခုအဖြစ် ပြန်လည်အသုံးပြုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ရုရှားနိုင်ငံသည်လည်း ယူကရိန်းအထူးစစ်ဆင်ရေးတွင် ZSU-23-4 Shilka လေယာဉ်ပစ်အမြောက်စနစ်များအပါအဝင် ဆိုဗီယက်ခေတ်ထုတ် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များကို အနီးကပ်နှင့် အနိမ့်ပျံကာကွယ်ရေးများအတွက် ရှေ့တန်းကျကျတပ်ဖြန့်အသုံးပြုလျက်ရှိသည်။

**Ukraine Revives ZSU-23-4 Shilka Self-Propelled Air Defense Systems to Combat Drone Threats ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲဧက ၇၁၀ နုတ်သိမ်းပြီးစီး



**ငပုတော အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲဧက ၇၁၀ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာထွန်းက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက၇၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော မြေပဲများကို ဩဂုတ်လ ပထမပတ်က စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ နုတ်သိမ်းခဲ့သည့် မြေပဲတစ်ဧကလျှင် ၄၁ ဒသမ ၃၆ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ငပုတောမြို့နယ်မှာ မြေပဲဧက ၇၁၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့ မြေပဲတွေကို ဩဂုတ်လက စတင်နုတ်သိမ်းခဲ့တာပါ။ လက်ရှိ မြေပဲဧက အားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးဖြစ်ပါတယ်။ မြေပဲဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဆက်စပ်ဌာနတွေနဲ့ ပေါင်းစပ် ဆောင်ရွက်ခဲ့ပါတယ်။ ဒေသတွင်း စားသုံးဆီလိုအပ်ချက် ဖူလုံစေဖို့ ဆီထွက်သီးနှံမြေပဲကို စိုက်ပျိုးနေတာ ဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာထွန်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆီထွက်သီးနှံမြေပဲ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေး နည်းစနစ်များ ဆောင်ရွက်ပေးခြင်း၊ မြေပဲမျိုးစေ့ ရွေးချယ်မှု မှန်ကန်စေရန်ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်စေရန် ဆောင်ရွက်ပေးခြင်းတို့ကို တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပျဉ်းမနားမြို့နယ် ကံဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကံဦးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ကံဦးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကံဦးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်၄၄၈သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၃ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၁ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၈သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေထံမှ သိရသည်။

**ချိုသန်းညွန့်**

# တောင်တွင်းကြီးမြို့နယ် ရဲတပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ရဲတပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူရဲတပ်ကျေးရွာ၌ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရန် အားလုံး ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ရဲတပ်ကျေးရွာ၌ လမ်းအရှည် ၅၄၃ပေ၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် VDP စီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ သန်း စုစုပေါင်းငွေကျပ် ၁၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ စတုတ္ထပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၀-၁၀-၂၀၁၉

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဧးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၉၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "ဝေဿန္တရာ"ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံရုပ်စုံသဘင်အဖွဲ့က အကအလှများ၊ စကားပြောများဖြင့် သရုပ်ဖော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံ သဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ရတနာပုံရုပ်စုံ သဘင်အဖွဲ့က အကအလှများ၊ စကားပြောများဖြင့် သရုပ်ဖော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးစဉ်။

**ရှေ့ဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ် အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များသည် Plenary Hall ၌ကျင်းပသည့် ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပြိုင်ပွဲဝင်အကအဖွဲ့တစ်ဖွဲ့ချင်းစီက ချင်းပြည်နယ်၏ သဘာဝအလှတရားများ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် **"ချင်းတောင်တန်းမှကြိုဆိုလျက်"** ချင်းရိုးရာတေးသီချင်းနောက်ခံဖြင့် လှပကျော့ရှင်းသည့် ချင်းတိုင်းရင်းသားရိုးရာကကြိုး၊ ကကွက်များကို ချင်းအလှ၊ ချင်းဟန်တို့ဖြင့်ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်ကပြမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ပြိုင်ပွဲများသို့ တက်ရောက်လာကြသူများနှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ရတနာပုံရုပ်စုံသဘင်အဖွဲ့က **"ဝေဿန္တရာ"**ဇာတ်တော်ကြီးတွင် ပရမတ္ထပါရမီ၏ သဘောသဘာဝဖြစ်သည့် ပါရမီဖြည့်ဖက် ပုဂ္ဂိုလ်မြတ်တို့၏ ကျင့်ကြံပွားများရသည့် သီလကုသိုလ်အကျိုးနှင့် ဓမ္မနှင့်အဓမ္မ အားပြိုင်မှုတို့ကို အနှစ်သာရရှိရှိ ပေါ်လွင်အောင်ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် သရုပ်ဖော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ရုပ်စုံသဘင်အဖွဲ့လိုက် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၁၉၉၈ ခုနှစ်ပြိုင်ပွဲတွင် ရုပ်စုံသဘင်ပြိုင်ပွဲအဖြစ် **"ဝိဓူရ"**ဇာတ်တော်ကြီးဖြင့် စတင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ အချိန်ကာလအတိုင်းအတာတစ်ခုထိ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည့် ရုပ်သေးပညာ ပြန်လည်ပြီး တစ်ခေတ်ဆန်းသစ်လာခဲ့ကြောင်း၊ အကြောင်းကြောင်းကြောင့်ကျင်းပ

---

**☆ ကျောဖုံးမှအဆက်**

ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးနေသော နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ နယ်မြေခံသင်တန်းကျောင်းများတွင် သင်တန်းတက်ရောက်နေသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို အောက်တိုဘာ ၁၉ ရက် ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့များက သက်ဆိုင်ရာ သင်တန်းကျောင်းများသို့ သွားရောက် ဂုဏ်ပြုသီဆိုဖျော်ဖြေကြရာ သင်တန်းသား၊ သင်တန်းသူများက ကြည်နူးချမ်းမြေ့စွာကြည့်ရှုအားပေးကြပြီး ပျော်ရွှင်စွာ အတူတကွပါဝင်သီဆိုခဲ့ကြသည်။

ထိုသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များ၏ သီဆိုဖျော်ဖြေနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများကလည်း တက်ရောက်ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့အား ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ရုပ်စုံသဘင်အဖွဲ့လိုက် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ခြင်းမပြုနိုင်ခဲ့သည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးနှင့်အတူ ရုပ်သေးအနုပညာရပ်သည် တိမ်မြုပ်ပျောက်ကွယ်သကဲ့သို့ ဖြစ်နေခဲ့ရခြင်းကြောင့် (၂၃)ကြိမ်မြောက် ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှစတင်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်နှင့် မြန်မာ့ရုပ်သေးပညာရပ်၊ မြန်မာ့ရုပ်စုံပညာရပ်များ ပြန်လည်ဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်းနှင့် **“ဝေဿန္တရာ”**ဇာတ်တော်ကြီးကို အလောင်းတော် ဝေဿန္တရာမင်းကြီး ဖြည့်ဆည်းကျင့်ကြံခဲ့သော ဒါနပါရမီ၏ မြင့်မြတ်နက်ရှိုင်းမှုကို ကြည်ညိုသဒ္ဓါပွားများနိုင်စေရန်၊ ဒါနပါရမီ အထွက်တက်လျက် အခြံအရံပါရမီများအကြောင်းကို သိရှိနာယူကျင့်သုံးနိုင်စေရန်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ သုတ၊ ရသကို ပိုမိုသိရှိနားလည်လာခြင်းအားဖြင့် အသိဥာဏ်၊ ကိုယ်ကျင့်တရား ပိုမိုမြင့်မားလာစေရန်စသည့် ဦးတည်ချက်များဖြင့် ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေး
ကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး
မင်းအောင်လှိုင်နှင့်ဇနီး
ဒေါ်ကြူကြူလှတို့က
ပြိုင်ပွဲဝင်အကအဖွဲ့များကို
ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။






ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင် အကအဖွဲ့က ချင်းတိုင်းရင်းသားရိုးရာ ကကြိုးကကွက်များကို ချင်းအလှ၊ ချင်းဟန်တို့ဖြင့်ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်စဉ်။



ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် “ဝေဿန္တရာ”ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံရုပ်စုံသဘင်အဖွဲ့က အကအလှများ၊ စကားပြောများဖြင့် သရုပ်ဖော်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီးရှိ နယ်မြေခံသင်တန်းကျောင်း၌ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က ဂုဏ်ပြုဖျော်ဖြေစဉ်။



ရန်ကုန်တိုင်းဒေသကြီးရှိ နယ်မြေခံသင်တန်းကျောင်း၌ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က ဂုဏ်ပြုဖျော်ဖြေစဉ်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့ ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

(မိုး/ဇလ)

# ၂၀၁၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများ ယှဉ်ပြိုင်မှု အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၁၄ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကား သိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **“အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး”** တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“ဥမကွဲသိုက်မပျက်”** သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မြန်မာပြည်ခရီးစဉ်”** သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

**မြန်မာအက အခြေခံကဗျာလွတ်အက ပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ပြိုင်ပွဲ**တွင် မွန်ပြည်နယ်ကိုယ်စားပြု မိရွှေရည်ဖူးပွင့်နှင့်အဖွဲ့၊ ကယားပြည်နယ် ကိုယ်စားပြု မနီဝင်းထွန်းနှင့်အဖွဲ့၊ ရခိုင် ပြည်နယ်ကိုယ်စားပြု မကြည်စင်သန့်နှင့် အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု မဖူးဖူးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု မအိမ့်မြတ်မွန်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု မအိန္ဒြာမြင့်မြတ်မွန်နှင့်အဖွဲ့၊ မန္တလေးတိုင်း ဒေသကြီးကိုယ်စားပြု မသိမ့်ကြည်ကြည် လင်းဦးနှင့်အဖွဲ့၊ ရှမ်းပြည်နယ်ကိုယ်စားပြု မနေခြည်ထက်ခန့်နှင့်အဖွဲ့၊ ကချင် ပြည်နယ်ကိုယ်စားပြု မလဖိုင်နန်ထွမ်ဆမ် နှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးကိုယ်စားပြု မထွန်းရတနာဗိုလ်နှင့်အဖွဲ့၊ ကရင် ပြည်နယ်ကိုယ်စားပြု မဆုသစ်သစ်နှင့် အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု မဉာဏ်မြတ်သွန်းနှင့်အဖွဲ့နှင့် ပဲခူးတိုင်း ဒေသကြီးကိုယ်စားပြု မဖြိုးဖြိုးဝေနှင့် အဖွဲ့တို့က အခြေခံကဗျာလွတ်ကကြိုး ကကွက်များကို အဖွဲ့လိုက် ညီညာလှပ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင် ကြသည်။

**ချင်းတိုင်းရင်းသားရိုးရာ အလွတ် တန်းအဆင့် အကပြိုင်ပွဲ**ကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Plenary Hall ၌ ကျင်းပရာ ဦးစွာ ချင်းပြည်နယ် ယဉ်ကျေးမှုအကအဖွဲ့က ချင်းတိုင်းရင်းသားရိုးရာအကကို ချင်းရိုးရာ ကကြိုးကကွက်များစုံလင်စွာ စံပြအနေ ဖြင့် ကပြကြသည်။

ထို့နောက် **ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲ**ကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ် ကိုယ်စားပြု မောင်ဘောမ်ချမ်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု နန်းဇင်မီမီမိုးနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီး ကိုယ်စားပြု မောင်ထွန်းပြည့်အောင်နှင့် အဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု မိဝင်း ရတနာဇင်မျိုးထွေးနှင့်အဖွဲ့၊ ရှမ်းပြည်နယ် ကိုယ်စားပြု မောင်အာကာပြည့်ဖြိုးနှင့် အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု မောင်စိုးမင်းသူနှင့်အဖွဲ့၊ တနင်္သာရီတိုင်း ဒေသကြီးကိုယ်စားပြု ဦးကျော်ထက်အောင် နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မောင်ကောင်းစံဟိန်းနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်ကိုယ်စားပြု မောင်ပိုင်ထက် နှင့်အဖွဲ့၊ မွန်ပြည်နယ်ကိုယ်စားပြု မောင်အောင်စိုးမိုးနှင့်အဖွဲ့၊ ဧရာဝတီတိုင်း ဒေသကြီးကိုယ်စားပြု မောင်စိုးမင်းသူနှင့် အဖွဲ့၊ ကယားပြည်နယ်ကိုယ်စားပြု ဦးအောင်ပြည့်စုံနှင့် အဖွဲ့နှင့် ပဲခူးတိုင်း ဒေသကြီးကိုယ်စားပြု ဆလိုင်းသော်တာဝင်း နှင့်အဖွဲ့တို့က ချင်းပြည်နယ်၏ သဘာဝ အလှတရားများနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် **“ချင်းတောင်တန်းမှ ကြိုဆိုလျက်”** သီချင်း နောက်ခံဖြင့် လှပကျော့ရှင်းသည့် ချင်း တိုင်းရင်းသားရိုးရာ ကကြိုးကကွက်များ ကို ချင်းအလှ၊ ချင်းတို့ဟန်ဖြင့် ပေါင်းစပ် ကာ ကပြယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာ အဆင့်ပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“ထံတျာတေအစ မဟာဂီတ”** ခေါင်းစဉ် ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**မယ်ဒလင်အတီးပြိုင်ပွဲ**ကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) News Briefing Room ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသ ကြီးတို့မှ ပြိုင်ပွဲဝင်များက **“အတိုင်းမသိ”** (ဘွဲ့)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင် အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက **“ပန်းဟောဝန်”** (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ** တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက **“ဆန်းနွေဦး”** (ယိုးဒယား)သီချင်း ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“ဂုဏ်တော်ဖွင့်”** (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“သည်ဆောင်းဟေမန်”** (ဘွဲ့)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံ ပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီ တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေး တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ကုဋ္ဌာလာအိုင်ဘွဲ့”** (ယိုးဒယား) သီချင်း ဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင် ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မြူဝန်းလို့ခို”** (ပတ်ပျိုး) သီချင်းဖြင့်လည်း ကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသ ကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန် ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“မန္တလာဘုံ”** (ဘွဲ့)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံ ပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက **“မြမန်းဂီရိ”** (ယိုးဒယား) သီချင်း ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက **“မင်္ဂလာဆယ့်နှစ်ပါး”** (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင် ကြသည်။








**ပတ္တလားအတီးပြိုင်ပွဲ**ကို အမျိုးသား ပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ** တွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက **“ကျွန်းကျွန်းပိုင်သ”** (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံ ပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီ တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်း တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ကျွန်းကျွန်းပိုင်သ”**(ကြိုး)သီချင်းဖြင့်လည်း ကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသား ပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ရှစ်စုံရွက်ကြာ”** (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက **“မှိုင်းရိပ်ကယ်တည့်”**(ကြိုး)သီချင်း ဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ က **“လျှပ်ပန်းခွေနွဲ့”** (ယိုးဒယား) သီချင်း ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် **စာမျက်နှာ ၁၉ သို့**

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများကို ပြန်လည်ကောက်ခံပေးသွားမည်

❖ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူခဲ့ပါသည်။

❖ အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းအကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းပြန်လည် ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်း ကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများကို ပြန်လည်စာရင်းကောက်ယူပေးသွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

❖ ဖုန်းနံပါတ်– ၀၆၇ – ၄၃၁၀၆၂၊ ၀၆၇ – ၄၃၁၃၅၉၊ ၀၆၇ – ၄၃၁၀၆၇၊ ၀၆၇ – ၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်း အကြောင်းကြားနိုင်ပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်

**စာမျက်နှာ ၁၈ မှအဆက်**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **“ရဂုံဟေမန်”** (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မော်တင်လယ်” (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ကွက်စိပ်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေး ဇာတ်ရုံ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)**ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“သမုဒ္ဒဃောသဇာတ်တော်”** ဖြင့် ဇာတ်တော်၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည်ပြသဟောပြောယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲ**တွင် **“ဝေဿန္တရာ”**ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့လိုက်ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲ**တွင် **“မဟာဇနက”** ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု သီရိဇေယျာဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆိုင်ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး ညိုစောနှင့် ဇနီး၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ Jeng Phangနော်တောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပသည့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲကြီး၏ ယှဉ်ပြိုင်မှုများသည် ယနေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

နှစ်ပေါင်းထောင်ချီ ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ တင့်တင့်တယ်တယ်ဆက်လက်ရှင်သန်ဖြစ်ထွန်းနေစေရန်၊ မြန်မာလူမျိုးတို့၏ သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေစေရန်နှင့် မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားပြည့်ဝခိုင်မာနေစေရန် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရဦးမည်ဖြစ်သည်။

နိုင်ငံတော်၏ ပံ့ပိုးကူညီမှုနှင့်အတူ ငွေအား၊ လူအား၊ အချိန်အား များစွာ စိုက်ထုတ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို အစဉ်သဖြင့် တည်တံ့ရှင်သန်နေစေရန်အတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး အားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကြီး၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**








# ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ် လေးစီး ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၀

ရုရှားရေတပ် Russian Pacific Fleet မှ ကော်ဗက်စစ်ရေယာဉ်များဖြစ်ကြသည့် စစ်ရေယာဉ် Gromky၊ စစ်ရေယာဉ် Rezky နှင့် စစ်ရေယာဉ် Tsydenzhapov၊ ထောက်ပံ့ရေးရေယာဉ် Pechenga တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ဒုတိယအကြိမ် မြန်မာ- ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှားရေတပ် Russian Pacific Fleet မှ Captain 1st Rank Antsiferov Alexey Vitalievich ဦးစီးသည့် အရာရှိ၊ စစ်သည်များ လိုက်ပါလာပြီး ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများပြုလုပ်ခြင်း၊ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်း (Harbour Phase) များ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ၁)



ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ် လေးစီး ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် သီလဝါဆိပ်ကမ်းသို့ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်စဉ်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်**။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

**အိမ်ပြင်ပဒ္ဓထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## ဗျည်း ၃၃ လုံး၏ အနက်နှင့် အဓိပ္ပာယ်

**(ယမန်နေ့မှအဆက်)**

**မ** ၏ တိုင်သံတစ်ခုမှာ မက် ဖြစ်သည်။ မက်၏အနက်လည်း ပေါင်းစည်းပင်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် “မက်၊ ကြိ-၁၊ တပ်မက်သည်။ စွဲလမ်းသည်။ တွယ်တာသည်။ ၂။ လှေကို ကမ်းနှင့် ကပ်အောင်ပွဲ့သည်။ ၃၊ ဆင်ကို ဝပ်စေသည်”ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။

ဤတွင် တပ်မက်သည်၊ စွဲလမ်းသည်၊ တွယ်တာသည် တို့၏ အနက်မှာ ပေါင်းစည်းခြင်းဖြစ်သည်။ **စုံမက်၊ စွဲမက်၊ မက်မော** စသည်တို့လည်း အနက်တူများဖြစ်ကြ၍ ပေါင်းစည်းနက်ဖြစ်သည်။ အိပ်မက်မက်သည်ဆိုသည်မှာလည်း စွဲမက်သည်ပင်ဖြစ်၍ ပေါင်းစည်းနက်ပင်တည်း။

လှေလုပ်သားဝေါဟာရများတွင် **ခိုင်းမက်**ဟူသော ဝေါဟာရရှိသည်။ မြန်မာအဘိဓာန်တွင် **ခိုင်းမက်**ကို “လှေကိုပွဲ့သည်” ဟု အဓိပ္ပာယ်ဖွင့်ပြထားပါသည်။ လှေကိုပွဲ့သည်ဟူသော အဓိပ္ပာယ်သည် ယေဘုယျအားဖြင့် မှန်ပါသည်။ သို့သော် အသေးစိတ်အားဖြင့် ခွဲစိတ်နိုင်ပါသေးသည်။ ခိုင်းမက်ဟူသော ဝေါဟာရသည် ခိုင်းနှင့်မက်ကို ပေါင်းထားခြင်းဖြစ်သည်။ မြန်မာအဘိဓာန်တွင်ပင် **ခိုင်း**ကို “လှေကိုကမ်းမှ ခွာထွက်အောင် လှော်ခတ် (ပွဲ့) သည်”ဟု အဓိပ္ပာယ်ဖွင့်ပြီး **မက်**ကို “လှေကို ကမ်းနှင့်ကပ်အောင်ပွဲ့သည်”ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ ယင်းတို့မှာ ခိုင်းနှင့်မက်၏ အဓိပ္ပာယ်ဖြစ်သည်။ အနက်ရင်းမှာ ခိုင်းရောမက်ပါ ပေါင်းစည်းခြင်းဖြစ်သည်။

ဆင်ကို မြေတွင်ဝပ်စေရန်အတွက် အမိန့်ပေးရာတွင် **‘မက်’** ဟု ဆိုရသည်။ အဓိပ္ပာယ်မှာ မြေတွင် ကပ်ပါ၊ ဝပ်ပါဟု ဆိုလိုသည်။ ပေါင်းစည်းနက်ပင်ဖြစ်သည်။ မြေမှာကပ်၊ မြေမှာဝပ် ဆိုလိုသည်။

**မ** ၏ တိုင်သံတစ်မျိုးမှာ **မတ်**ဖြစ်ပါသည်။ အသံအားဖြင့် တစ်မျိုး၊ အရေးအားဖြင့် **မတ်** နှင့် **မပ်**ဟူ၍ နှစ်မျိုးဖြစ်ပါသည်။ **မတ်** ၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် “ဒေါင်လိုက်တည့်သော၊ ဖြောင့်သော”ဟု ဖွင့်ဆိုထားပါသည်။ ယေဘုယျအားဖြင့် ဒေါင်လိုက်တည့်သော၊ ဖြောင့်သောဟု အဓိပ္ပာယ်ဖွင့်သော်လည်း မည်သည့်အရပ်မျက်နှာမဆို ဦးတည်၍ တည့်နိုင်၊ ဖြောင့်နိုင်သော သဘောရှိသည်။ အိမ်ကို “တန်းတန်းမတ်မတ်ပြန်ပါ”ဟု ဆိုလျှင် မတ်မတ်သည် ရှေ့သို့တူရူ ဖြောင့်ဖြောင့်တည့်တည့်ဟု သိရသည်။ “တည့်တည့်မတ်မတ်ရပ်ပါ”ဟုဆိုလျှင် မတ်မတ်သည် ဒေါင်လိုက် ဖြောင့်ဖြောင့်တည့်တည့်ဟု နားလည်ရသည်။ ဖြောင့်မတ်တည်ကြည်သူဟုဆိုလျှင် **မတ်** သည် ဖြောင့်သော အဓိပ္ပာယ်ရှိသည်။ သို့ရာတွင် ထက်အောက်ဝဲယာ ညွှန်းပြခြင်းပြုပါသည်။ ချုပ်၍ဆိုရသော် **မတ်**နှင့်တွဲသောဝေါဟာရ၏ အဓိပ္ပာယ်ကိုလိုက်၍ အဓိပ္ပာယ်ဖော်ရပါသည်။ **မတ်** ကို တည့်၊ ဖြောင့်ဟု အဓိပ္ပာယ်ဖွင့်ဆိုလျှင် ခြုံငုံမိတန်ရာသည်။

**မ** ၏တိုင်သံ တစ်မျိုးမှာ **မပ်** ဖြစ်ပါသည်။ **မပ်** ကို မြန်မာအဘိဓာန်တွင် “တိမ်းသည်၊ စောင်းသည်”ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ **မပ်** ဟူသော ဝေါဟာရကား တွေ့ရခဲသော ဝေါဟာရဖြစ်သည်။ များသောအားဖြင့် **တိမ်း** နှင့်တွဲ၍ **တိမ်းမပ်**သည်ဟု သုံးနှုန်းမြဲဖြစ်သည်။ **တိမ်း**နှင့် **မပ်** ကို အနက်တူဟု ဆိုကြသည်။ **တိမ်း**နှင့် မတွဲဘဲလည်း **မပ်**ကို တိမ်းသည်၊ စောင်းသည်၊ ညွတ်ယိုင်သည်၊ ယိမ်းသည် ဟူသောအနက်ဖြင့် သုံးသည်ကို တွေ့ရသည်။ “စုလည်းတပ်တပ်၊ ရွှေပုံစွပ်သို့၊ မမပ်ရှေ့နောက်၊” (ဘူလင်*၃၀၇) ဟူသော အကိုးသည် ထင်ရှားသောသက်သေဖြစ်သည်။ **မပ်** ၏ ရင်းမြစ်ကိုကြံဆရန် ခက်ပါဘိ။ ကြံမိသည်ကား **မပ်**သည် **မ** ကိုပင် သက်သံ၊ တိုင်သံဖလှယ်၍ ဖြစ်လာနိုင်သည်ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ **တိမ်း** ကို **မ**နှင့်တွဲ၍ တိမ်း**မ** မှ တိမ်း**မပ်** ဖြစ်လာလေသလော။ **မ** နှင့် **မပ်** အသံ ပြောင်းတတ်သည်။ ကြပ်မကို ကြပ်မတ် ဟု အသံထွက်သည်။ အသုံးလည်းတွင်သဖြင့် ကြပ်မတ်ဟုပင် ရေးကြရသည်။ အကယ်စင်စစ် **မ** ၏အနက် ပေါင်းစည်းဖြစ်၍ ပေါင်းစည်းကူညီသောအနက်ဖြင့် ကူမ၊ ကယ်မ၊ ကြပ်မ၊ စောင်မ၊ ထောက်မ၊ ဖေးမ စသည့်ဝေါဟာရများ ဖြစ်လာသည်။

### ယ

**ယ** ၏ အနက်လည်း ‘ပေါင်းစည်းခြင်း၊ စုဖွဲ့ခြင်း၊ ဆက်စပ်ခြင်း’ တို့ဖြစ်၏။ မြန်မာအဘိဓာန်၌ **ယ** တစ်လုံး၏ အဓိပ္ပာယ်ကိုမပြပါ။ ဒုတိယကျော်အောင်စံထား ဆရာတော်က **ယ** နှင့်ပတ်သက်၍ ဝေါဟာရတ္ထပကာသနီကျမ်းတွင် အဝဂ်ဗျည်းတို့တွင် **ယ** ကာရန္တကား ယုယသည်ဟူသော ဆိုမိန့်ခြင်း **ယ** သက်သက် ဝေါဟာရထင်၏ ဟူ၍ မိန့်မှာခဲ့ပါသည်။ **ယု**နှင့်ပတ်သက်၍လည်း “**ယု** ကာရန္တ၌ကား ယခင်ယုယသည် ဟူသောအရာ၌ **ယု** ဟူသော စကားခွန်းမျှသာထင်၏ ဟူ၍ မိန့်မှာခဲ့ပါသည်။ ထိုယုယသည်ဟူသော ဝေါဟာရကား ဖြည်းညင်းသာယာ ပျောင်းညံ့သက်စွာပြုမူခြင်း အနက်တည်း” ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုတော်မူပါသည်။ မြန်မာအဘိဓာန်တွင်လည်း ယုယကို ချစ်ခင်ကြင်နာစွာ ပြုစုသည်ဟူ၍ပင် အဓိပ္ပာယ်ဖွင့်ပါသည်။

စင်စစ် **ယ** ၏ အနက်သည် ဖြည်းညင်းညင်သာစွာ ထိတွေ့ခြင်း၊ ညင်သာစွာထိစပ်ခြင်း၊ ခိုအောင်းခြင်း၊ ပေါင်းစည်းခြင်းကိုပင် ဆိုလိုပါသည်။ **ယ** သက်သက် တစ်လုံးတည်းတွင် ကြိယာအနက်သော်လည်းကောင်း၊ နာမဝိသေသနအနက် သော်လည်းကောင်း မရှိပါ။ ဤတွင် ခယသည်ဟူသော အဓိပ္ပာယ်ကို လေ့လာသင့်သည်ဟု ယူဆမိပါသည်။ **ခ** နှင့် **ယ** ကို တွဲ၍သုံးထားပါသည်။ **ခ** နှင့် **ယ** အနက်ဆက်နွှယ်ပါသည်။ ပူးယှဉ်ပေါင်းစည်းနက်ပင် ဖြစ်သည်။ ထိန်းယ၊ အထိန်းအယ၊ အထိန်းတော်အယတော် စသည်ဖြင့် **ထိန်း** နှင့် **ယ** ကိုလည်း တွဲသုံးပါသည်။ ပေါင်းစည်းခြင်း အနက်ပင်ဖြစ်သည်။

သို့ရာတွင် **ယ** သည် **အ** နှင့် အနက်တူသည်ဖြစ်၍ **အ** နှင့် ပရိယာယ်ပြုလဲလှယ်၍ သုံးသည်ကို တွေ့ရပါသည်။ သာဓကအားဖြင့် အခုကို ယခု၊ အခင် ကို **ယ**ခင်၊ အခေါင် ကို **ယ**ခေါင်၊ အမန် ကို **ယ**မန် စသည် **အ** နှင့် **ယ** ဖလှယ်၍ သုံးစွဲကြပါသည်။

**ယ** ၏ တိုင်သံများမှာ **ယက်** နှင့် **ယပ်** ဖြစ်သည်။ **ယက်** ရော **ယပ်** ပါ ထိမိဆက်စပ်ပေါင်းစည်းနက်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် ယက်ကို “လက်၊ ခြေ စသည်ဖြင့် တစ်စုံတစ်ရာကို တူးဆွ ခြစ်ထုတ်သည်၊ ကော်ထုတ်သည်၊ တွန်းဖယ်သည်” ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ ဤတွင်လက်ခြေစသည်ဖြင့် တစ်စုံတစ်ခုကို တူးဆွရန်၊ ခြစ်ထုတ်ရန်၊ ကော်ထုတ်ရန်၊ တွန်းဖယ်ရန်မှာ လက်ခြေ စသည်ဖြင့် တစ်စုံတစ်ရာကို ထိတွေ့ရန်၊ ဆက်စပ်ရန်၊ ပေါင်းစည်းရန်သည် အဓိကကျသဖြင့် ပေါင်းစည်းခြင်းအနက်ကိုပင် အခြေခံပါသည်။ မြေကြီးတွင်ကြက်ယက်သည့်အခါ ကြက်ခြေထောက်သည် မြေကြီးနှင့် ထိတွေ့ခြစ်ထုတ်ဖယ်ရှားသည့် အခြင်းအရာသည် ယက်သည့်အခြင်းအရာဖြစ်သည်။ ယက်ခြင်း၏ အဓိကအခြင်းအရာသည် ခြစ်ထုတ်ဖယ်ရှားခြင်းဖြစ်သည်။

**ယ** ၏တိုင်သံတစ်ခုမှာ **ယပ်** ဖြစ်သည်။ **ယပ်** ၏အနက်လည်း ပေါင်းစည်းခြင်းပင်ဖြစ်သည်။ **ယပ်** ကို မြန်မာအဘိဓာန်တွင် “ယပ်တောင်စသည်ဖြင့် လေကိုခတ်သည်”ဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။ ဤတွင် ယပ်စသည်ဖြင့်လေကိုခတ်သည် ဆိုသည်မှာ ယပ်စသည်နှင့် လေကိုထိခတ်စေခြင်းဖြစ်သဖြင့် ယပ်စသည်နှင့် လေကိုပေါင်းစည်းထိခတ်မိစေခြင်းပင်ဖြစ်၍ ထိမိပေါင်းစည်းသော အနက်ဖြစ်သည်။ ထို့ပြင် ယပ်သည်၏ အခြင်းအရာမှာ လေကို မိမိဘက်သို့ဖြစ်စေ လေရောက်ရှိထိခတ်စေလိုသော ဘက်သို့ဖြစ်စေ ယက်ကော်ခြင်းဖြစ်၍ ပေါင်းစည်းနက်ပင်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကိုလူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုအကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Soe Thein”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် အိုးလုပ်ရပ်ကွက်နေ စိုးသန်း(ခ) ထွေးထွေးအား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ထားဝယ်မြို့မရဲစခန်း၌တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကိုဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် စီပါကျေးရွာမှ ပြည်သူခြောက်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်ရက်စက်စက်သတ်ဖြတ်သည်ဟု မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ချိလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် စီပါကျေးရွာမှ ပြည်သူခြောက်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်ရက်စက်စက်သတ်ဖြတ်သွားခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ချိမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ စိစစ်ချက်များအရ ဖြစ်စဉ်အမှန်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် စီပါကျေးရွာတွင် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ရောက်ရှိခိုအောင်းလျက်ရှိကြောင်း တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီခန့်တွင် နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များဖြင့် ကျေးရွာအတွင်းရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ နေထိုင်လျက်ရှိသည်ဆိုသည့် နေအိမ်များကို သွားရောက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် စီပါကျေးရွာ၏ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း ထပ်မံသိရှိရသဖြင့် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ခေတ္တတိမ်းရှောင်ဆုတ်ခွာထွက်ပြေးသွားသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ စီပါကျေးရွာမှ ထွက်ခွာသွားပြီးနောက် အောက်တိုဘာ ၁၈ ရက်တွင် စီပါကျေးရွာသို့ ဝင်ရောက်လာခဲ့ပြီး ကျေးရွာအတွင်း နေထိုင်လျက်ရှိသောပြည်သူများကို စစ်ဆေးမေးမြန်းမှုများပြုလုပ်ကာ အရပ်သားပြည်သူခြောက်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များကို သတင်းပေးသည်ဟုစွပ်စွဲ၍ ရက်စက်စွာသတ်ဖြတ်ပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများကို ၎င်းတို့နေအိမ်ခြံစည်းရိုးများ၊ နေအိမ်အတွင်း မြေကွက်လပ်များတွင် ထားရှိကာ နောက်အခါတွင် စစ်ကြောင်းများကို သတင်းပေးပို့သူများအား ထိုကဲ့သို့အပြစ်ပေး၊ အရေးယူကာ သေဒဏ်အဖြစ် သတ်မှတ်ခြင်းခံရမည်ဟု ခြိမ်းခြောက်ပြောကြားကာ ကျေးရွာမှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ PDF အမည်ခံအကြမ်းဖက်သမားများက ပြည်သူလူထုအပေါ် ရက်စက်ယုတ်မာပြီး လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှုကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သည်ဟု ပြည်သူလူထုအထင်အမြင်လွဲမှားစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (မဝလ)




# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံး၊ လူသုံးကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၆ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၂၃၈၇၈၅ ကိုလည်းကောင်း၊ အောက်တိုဘာ ၁၈ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၈၀၀၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၄၃၁၈၇၈၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၁၉ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်းယာဉ်ရပ်နားဝင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၄၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၇၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့အတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်း တန်ဖိုး ငွေကျပ် ၂၈၀၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၉ ဒသမ ၀၉၅ တန် စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၆၈၀၄၃၀၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၆ရက်၊ ၁၈ရက်နှင့် ယနေ့တွင်ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ကိုးမှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၅၂၃၀၈၉ ကို ဖမ်းဆီးရမိခဲ့သည်။

နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

❑ ကပ္ပလီပြင်လယ်ပြင်မှ အောက်တိုဘာ ၂၂ ရက်တွင် မုန်တိုင်းငယ်(Depression)အဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm) အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။




အဆိုပါလေဖိအားနည်းဆဲလ်နှင့် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်းတို့၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(မိုး/ဇလ)**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၀**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုထားကြောင်း သိရသည်။ **(မိုး/ဇလ)**

# Typhon ဒုံးကျည်စနစ်များ ဖြန့်ကြက်နိုင်ရေး ကြိုးပမ်းနေသောဖိလစ်ပိုင်



ဖိလစ်ပိုင်နှင့်တရုတ်နိုင်ငံတို့သည် ယခုသတင်းပတ်အတွင်း တောင်တရုတ်ပင်လယ်တွင်ကင်းလှည့်မှုများနှင့် စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်လျက်ရှိရာ တင်းမာမှုမြင့်တက်လျက်ရှိသော ပင်လယ်ရေကြောင်းပိုင်နက်အတွင်း နောက်ဆုံးဖြစ်ပေါ်ခဲ့သည့် စစ်ရေးလှုပ်ရှား ဆောင်ရွက်မှုများပင်ဖြစ်သည်။ မကြာသေးမီက လုပ်ဆောင်ခဲ့သော ၎င်းစစ်ရေးလှုပ်ရှားမှုများသည် တင်းမာမှုများ ပိုမိုမြင့်တက်လာစေခဲ့သည်။

ဖိလစ်ပိုင်အနေဖြင့် အမေရိကန်၏နောက်ဆုံးထုတ် Typhon ဒုံးကျည်စနစ်များကို လက်ခံသွားမည်ဖြစ်ကြောင်း မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းစနစ်သည် တာလတ်ပစ်ဒုံးကျည်ဖြစ်ပြီး အမေရိကန်အနေဖြင့် တရုတ်(တိုင်ပေ)အရေးတွင် အသုံးချနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံက ဆန့်ကျင်ကန့်ကွက်မှုများရှိနေသည့်တိုင်အောင် ဖိလစ်ပိုင်အနေဖြင့် ၎င်းတို့မြေပေါ်တွင် အမေရိကန်ဒုံးကျည်များကို ကာလရှည်ကြာဖြန့်ကြက်သွားလိုသော ရည်မှန်းချက်ရှိနေကြောင်း စစ်ဘက်အကြီးအကဲရိုမီယိုဘရောနာက ပြောကြားသွားခဲ့သည်။ ဖိလစ်ပိုင်အစိုးရအနေဖြင့် ၎င်း၏မြေပေါ်တွင်ဒုံးကျည်စနစ်များ ဆက်လက်ဖြန့်ကြက်ထားခြင်းအားဖြင့် တရုတ်နိုင်ငံကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ဆောင်သွားလိုသောဆန္ဒရှိနေကြောင်း ဝါရင့်ဖိလစ်ပိုင်တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

ဖိလစ်ပိုင်နှင့် အမေရိကန်တို့ကြား ပြုလုပ်သည့် Balikatan နှစ်ပတ်လည် စစ်ရေးလေ့ကျင့်မှုများမတိုင်မီ Typhon ဒုံးကျည်ဖြန့်ကြက်ရေးကိစ္စ ပေါ်ထွက်လာခြင်းဖြစ်သည်။ ပင်တဂွန်သည် ဖိလစ်ပိုင်နိုင်ငံနှင့် မိတ်ဖက်ဆက်ဆံရေးတွင်ထူးခြားသော ခြေလှမ်းတစ်ရပ်အနေဖြင့် ကီလိုမီတာ ၁၆၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်သည့် SM-6 ဒုံးကျည်များနှင့် Tomahawks များ အပါအဝင် အသစ်တီထွင်ထားသောဒုံးကျည်စနစ်ကို တပ်ဖြန့်ချထားသွားမည်ဖြစ်သည်။

တရုတ်နိုင်ငံက ဒုံးကျည်ဖြန့်ကြက်မှုအပေါ် စတင်ဝေဖန်သည့်အချိန်တွင် အမေရိကန်နှင့် ဖိလစ်ပိုင်တာဝန်ရှိသူများက ၎င်းကိစ္စကို အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာလေ့ကျင့်မှုအဖြစ် ပြောဆိုကာ မသိကျိုးကျွန် ပြုလုပ်ထားခဲ့သည်။ ယခုနှစ်ဇူလိုင်လတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဒုံးကျည်ဖြန့်ကြက်မှုနှင့်စပ်လျဉ်း၍ ဖိလစ်ပိုင်နှင့် အမေရိကန်တို့ကို ဒေသတွင်း လက်နက်အပြိုင်အဆိုင် တပ်ဆင်မှုလုပ်ဆောင်နေကြောင်း ပြောဆိုကာ ပြင်းထန်သော ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ဝမ်ယိသည် နယူးယောက်မြို့၌ ပြုလုပ်သည့် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်စဉ် ဖိလစ်ပိုင်နိုင်ငံတွင် အမေရိကန်၏တာလတ်ပစ်ဒုံးကျည်ဖြန့်ကြက်ခြင်းသည် ဒေသတွင်းအေးချမ်းတည်ငြိမ်မှုကို ပျက်ပြားစေမည်ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။ ထို့ပြင် ဝမ်ယိသည် ပြီးခဲ့သောသီတင်းပတ်အတွင်း နယူးယောက်မြို့၌ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးချိုတေးယိုနှင့် တွေ့ဆုံဆွေးနွေးစဉ်တွင်လည်း တရုတ်နိုင်ငံကို တိုက်ခိုက်နိုင်စွမ်းရှိသော အမေရိကန်လက်နက်စနစ်များ ဖြန့်ကြက်မှုမှန်သမျှသည် ဒေသတွင်းနိုင်ငံများအတွက် အကျိုးဖြစ်ထွန်းစေမည်မဟုတ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

အစောပိုင်းနှစ်များကလည်း တရုတ်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံကို အမေရိကန်၏ အမြင့်ပျံလေကြောင်းရန် ကာကွယ်ရေးစနစ်(THAAD) ဖြန့်ကြက်မှုအတွက် ဖိအားပေးခဲ့သည်။ ယခုနှစ်စက်တင်ဘာလတွင် လာအိုနိုင်ငံ၌ အာရှနှင့် အနောက်နိုင်ငံများပါဝင်သည့် အာဆီယံအစည်းအဝေး၏ ဘေးပန်းဆွေးနွေးပွဲတွင် ဝမ်ယိသည် ဖိလစ်ပိုင်၌ Typhon တပ်ဖြန့်ချထားမှုနှင့်စပ်လျဉ်း၍ အလွန်အမင်းစိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အန်ရီကွေမာနာလိုက ပြောကြားသွားခဲ့သည်။

အမေရိကန်နှင့်ဖိလစ်ပိုင်တို့ကြား ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အဆင့်မြှင့်တင်ရေးသဘောတူညီချက်(EDCA)အရ တရုတ်(တိုင်ပေ) ကမ်းခြေများနှင့်နီးကပ်သော ဖိလစ်ပိုင်နိုင်ငံ၏ မြောက်ပိုင်းစွန်း စစ်အခြေစိုက်စခန်းများသို့ အမေရိကန်တပ်ဖွဲ့များ အလှည့်ကျတပ်ဖြန့်ချထားခွင့်ပြုသည့် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ၏ ဆုံးဖြတ်ချက်အပေါ် တရုတ်နိုင်ငံအနေဖြင့် ဒေါသူပုန်ထလျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းတွင် အဓိကကျသော စစ်လက်နက်ပစ္စည်းများ တပ်ဖြန့်ချထားခြင်းသည် အမေရိကန်၏ ပင်လယ်ရေကြောင်းစစ်ရေး(DMO)သဘောတရားနှင့် ကိုက်ညီလျက်ရှိသည်။

အမေရိကန်အနေဖြင့် EDCA နေရာများတွင် Typhon ဆင်ဆာအာရုံခံများနှင့် လက်နက်များ ဖြန့်ကြက်နိုင်သောကြောင့် တာဝေးပစ်နှင့် မောင်းသူမဲ့စနစ်များ တပ်ဖြန့်ချထားနိုင်ပြီး ဆက်စပ်ပတ်ဝန်းကျင်နယ်မြေများတွင် ပေါင်းစပ်မှုနှင့် လိုက်လျောညီထွေရှိမှုတို့ကို ထိန်းသိမ်းထားနိုင်သည့် ဆက်သွယ်ရေးကွန်ရက်များကို အသုံးပြုသွားနိုင်မည်ဖြစ်သည်။

တရုတ်(တိုင်ပေ)အရေးဖြစ်ပေါ်လာသည့်အချိန်တွင် ဖိလစ်ပိုင်အခြေစိုက် Typhon ဒုံးကျည်စနစ်များသည် များစွာအရေးပါလာမည်ဖြစ်သည်။ ၎င်းဒုံးကျည်များသည် အဆိုပါနယ်မြေအတွင်းရှိ အမေရိကန် ရေတပ်ဆိုင်ရာစစ်လက်နက်ပစ္စည်းများကို ပစ်မှတ်ထားသည့် တရုတ်ပြည်မကြီးနှင့် ပင်လယ်ရေကြောင်း အခြေစိုက်စခန်းများကို တိုက်ခိုက်နိုင်မည်ဖြစ်သည်။

ပထဝီနိုင်ငံရေးဆိုင်ရာ ပြိုင်ဆိုင်မှုများသည် အင်အားကြီးနှစ်နိုင်ငံအတွက် သိသိသာသာ မြင့်တက်လာလျက်ရှိသည်။ အစောပိုင်းကာလတွင် တရုတ်နိုင်ငံနှင့် သံခင်းတမန်ခင်းဆက်ဆံရေး တင်းမာမှုလျှော့ချလိုသဖြင့် အမေရိကန်နှင့်ဖိလစ်ပိုင်တာဝန်ရှိသူများသည် စက်တင်ဘာလတွင် Typhon ဒုံးကျည်စနစ်ကို ဖိလစ်ပိုင်မြေပေါ်မှ ဖယ်ရှားသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့်တရုတ်(တိုင်ပေ)အရေးနှင့် စပ်လျဉ်း၍ အမေရိကန်နှင့်ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ရန် အလားအလာရှိနေသည့်အချိန်တွင် ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏ကိုယ်ပိုင်မဟာဗျူဟာမြောက် အကျိုးစီးပွားများအပေါ် အလေးထားဆောင်ရွက်လျက်ရှိသည်။ ဖိလစ်ပိုင်ကာကွယ်ရေးဦးစီးချုပ် (AFP) ဘရောနာဂျူနီယာက မကြာသေးမီကဖြစ်ပွားခဲ့သော တောင်တရုတ်ပင်လယ်အရေးတွင် အမေရိကန်၏တိုက်ရိုက်စစ်ရေးအကူအညီများ ပေးအပ်သွားမည့်ကမ်းလှမ်းချက်ကို အကြိမ်ကြိမ်ပယ်ချခဲ့ကြောင်း ပြောကြားသွားခဲ့သည်။

**❖ဖိလစ်ပိုင်နှင့် အမေရိကန်တို့ကြားပြုလုပ်သည့် Balikatan နှစ်ပတ်လည်စစ်ရေးလေ့ကျင့်မှုများမတိုင်မီ Typhon ဒုံးကျည်ဖြန့်ကြက်ရေးကိစ္စ ပေါ်ထွက်လာခြင်းဖြစ်သည်။ ပင်တဂွန်သည် ဖိလစ်ပိုင်နိုင်ငံနှင့် မိတ်ဖက်ဆက်ဆံရေးတွင် ထူးခြားသော ခြေလှမ်းတစ်ရပ်အနေဖြင့် ကီလိုမီတာ ၁၆၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်သည့် SM-6 ဒုံးကျည်များနှင့် Tomahawks များ အပါအဝင် အသစ်တီထွင်ထားသော ဒုံးကျည်စနစ်ကို တပ်ဖြန့်ချထားသွားမည်ဖြစ်သည်။❖**

တစ်ချိန်တည်းမှာပင် ၎င်းသည် အဆင့်မြင့် အမေရိကန်လက်နက်စနစ်များ ဝယ်ယူရရှိရေးအပြင် ကာလရှည်ကြာတပ်ဖြန့်ချထားမှုအတွက် တောင်းဆိုထားရှိသည်။ ဘက်စုံလွှမ်းခြုံသောကျွန်းစုကာကွယ်ရေးသဘောတရား(CADC)အရ အရှေ့တောင်အာရှနိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏ကာကွယ်ရေးစွမ်းဆောင်ရည်များ အလျင်အမြန်အဆင့်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဘရောနာဂျူနီယာက မိမိတို့အနေဖြင့် ပြီးပြည့်စုံသော လေကြောင်းကာကွယ်ရေးနှင့် ပင်လယ်ရေကြောင်းကာကွယ်ရေးစနစ်များ လိုအပ်လျက်ရှိသောကြောင့် Typhon အပြင် အခြားသောဒုံးကျည်စနစ်များလည်းလိုအပ်လျက်ရှိကြောင်း မကြာသေးမီကပြုလုပ်ခဲ့သော ငါးကြိမ်မြောက် အာရှကာကွယ်ရေး၊ လုံခြုံရေးနှင့် ပဋိပက္ခစီမံခန့်ခွဲမှုပြပွဲနှင့်ကွန်ဖရင့်(ADAS2024)၏ ဘေးပန်းဆွေးနွေးပွဲ၌ ပြောကြားသွားခဲ့သည်။

ADAS2024 သည် နိုင်ငံတကာမိတ်ဖက်များကြား နောက်ဆုံးပေါ်နည်းပညာများနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းအောင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့ကာကွယ်ရေးနှင့် လုံခြုံရေးစွမ်းဆောင်ရည်များအတွက် အရေးပါသောနေရာပင်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်အနေဖြင့် ဒုံးကျည်များကို လက်ခံဖြန့်ကြက်ရေးအပြင် နောက်ဆုံးထုတ် NATO အဆင့်လက်နက်စနစ်များကိုလည်း တိုးမြှင့်သုံးစွဲလျက်ရှိကြောင်း ဘရောနာဂျူနီယာက ထပ်လောင်းပြောကြားခဲ့သည်။

မကြာသေးမီက ရရှိခဲ့သော ဂြိုဟ်တုဓာတ်ပုံများအရ ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် Typhon စနစ်ကို Laoag နိုင်ငံတကာလေဆိပ်၌ ဖြန့်ကြက်သွားဖွယ်ရာရှိနေသည်။ ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းရှိ ၎င်းအခြေစိုက်စခန်းသည် တရုတ် (တိုင်ပေ)တောင်ပိုင်းမှ မိနစ် ၃၀ ခန့်သာ ပျံသန်းရမည်ဖြစ်သည်။

ဘရောနာဂျူနီယာက မိမိတို့အနေဖြင့်ရွေးချယ်ခွင့်ရှိမည်ဆိုလျှင် မိမိတို့နိုင်ငံကာကွယ်ရေးအတွက် Typhon ဒုံးကျည်စနစ်ကို ဖိလစ်ပိုင်နိုင်ငံတွင် ထာဝရတပ်ဖြန့်ချသွားမည်ဖြစ်ကြောင်း၊ သို့သော် ပင်တဂွန်ထံမှ တိကျသောတုံ့ပြန်ချက်မရရှိသေးကြောင်း ပြောကြားသွားခဲ့သည်။

ဆိုရလျှင် သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာလက်ထက်တွင် ဖိလစ်ပိုင်သည် အမေရိကန်နှင့် ဆက်ဆံရေး ပိုမိုနီးကပ်လာပြီး အမေရိကန်စစ်လေယာဉ်နှင့် ရေယာဉ်များကို ဖိလစ်ပိုင်၌ တိုးမြှင့်တပ်ဖြန့်ချသွားရန် သဘောတူညီခဲ့သည်။ ယခုလည်း Typhon ဒုံးကျည်စနစ်တပ်ဖြန့်ချထားရေးအတွက် သဘောတူထားသဖြင့် တောင်တရုတ်ပင်လယ်အရေးအပါအဝင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုအပေါ်ရိုက်ခတ်မှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

**ကိုးကား**

- Philippinesdrops a Typhon missile gauntlet on China By Asia Times.

**ဝင်းဇင်(သုတေသန)**

ဝတ္ထုတိုကလျာ

# အမှိုက်ထဲက ရွှေ

ယင်းမာ



(၁)

"ဟဲ့ အေးစံ စံအေး နင့်ပစ္စည်းတွေ သေချာရေအုံး"

သည်အဒေါ်ကြီး ကျွန်တော့်နာမည်ကို ဘယ်တော့မှ တည့်အောင်မခေါ်တတ်။ နှစ်လုံးတည်းရှိသော နာမည်ကို အမြဲလေးလုံးဖြစ်အောင် ခေါ်သည်။

"ဟဲ့ သံတို ၊သံစတွေ အရင်ယူခဲ့ချိန်ရအောင်"

"ဟုတ်ကဲ့"

တစ်နေကုန် ခြေတိုအောင်လျှောက်၍ လှည့်လည်ကောက်လာရသော သံတို၊ သံစထုပ်ကို အဒေါ်ကြီး အနီးမှာ ချလိုက်သည်။

"ဟဲ့ ချိန်တာကြည့်အုံး တော်ကြာမှ ငွေရတာနည်းသလေးဘာလေး လာမလုပ်နဲ့"

အဒေါ်ကြီးက ကြည့်ဆိုတော့လည်း ကျွန်တော် ကြည့်လိုက်သည်။ ဒိုင်ခွက်ထဲက လက်တံလေးက ဟိုပြေးသည်ပြေး နှစ်ခါလောက်လုပ်ပြီး တစ်နေရာမှာ တန့်ခနဲရပ်သွားသည်။

"ဟဲ့ နင့်ဟာက နှစ်ပိဿာလဲ မရှိပါလား။ တစ်ပိဿာခွဲပဲ ထားလိုက်"

"ဟုတ်ကဲ့ဗျ"

သူပြောသည့် နှစ်ပိဿာသည် ဂဏန်းဘယ်လောက်ရှိလည်းကျွန်တော်မသိ။ ဒိုင်ခွက်ထဲရှိ အမည်းရောင်ဂဏန်းများ၏တန်ဖိုးကိုလည်း ကျွန်တော်နားမလည်။ သံတို၊ သံစများကို ချိန်ပြီးသောအခါ ကျွန်တော်နှင့် အဒေါ်ကြီးသည် ဘူးခွံ၊ ခွက်ခွံများကို ရေကြပြန်သည်။ တစ်၊ နှစ်၊ သုံး၊ လေး သည်ဂဏန်းတွေကိုတော့ အဒေါ်ကြီးရေတွက်ဖန်များ၍ ကျွန်တော်လည်း လိုက်၍ ရေတွက်တတ်နေပြီ။

"ဟဲ့ အေးစံ စံအေး"

"ဗျာ"

"နင့်အမေရော ဗေဒင်ဟောရသေးလား"

"မြို့ထဲတော့ သွားတာပဲ။ ဟောရလား မဟောရလား မသိပါဘူးဗျာ"

"နင့်အမေ အပျိုတုန်းကတော့ ဗေဒင်ဟောတာ အတော်မှန်တယ်ပြောကြတာပဲဟဲ့ နှစ်လုံး၊ သုံးလုံး ဂဏန်းတွေတောင် သူပေးတာထိုးလို့ ပေါက်ကြသေးတာဆိုပဲ။ ဟဲ့ ဘီယာဘူးခွံက ခုနစ်လုံး၊ ရေသန့်ဘူးက နှစ်ဆယ့်သုံးလုံး၊ပုလင်းခွံက"

အဒေါ်ကြီးက ဂဏန်းများကို ရေရွတ်ပြန်သည်။ ဂဏန်းအရေအတွက် များလာလျှင် ကျွန်တော် မမှတ်မိတော့။

"သံတိုသံစက တစ်ပိဿာခွဲကို ၁၆၅၀၊ဘီယာဘူးခွံဖိုးက ၁၅၀ ပဲထားပါ၊ကျန်တဲ့ ရေသန့်ဘူးနဲ့ တိုလီထွာလီက ၁၅၀ ယူသွား။ ကဲ... ရော့ ရော့ ပိုက်ဆံ ၂၀၀၀။ ငါ ပိုပေးလိုက်တယ်နော်"

အဒေါ်ကြီးလှမ်းပေးသော ပိုက်ဆံ ၂၀၀၀ ကို လှမ်းယူလိုက်သည်။

"ကျွန်တော်အိတ်ခွံ ပြန်ယူသွားမယ်နော်"

"ယူသွား ယူသွား မထားခဲ့နဲ့။ ငါ့အမှိုက်နဲ့ငါ ရှုပ်ရတဲ့အထဲ ကိုဝေမောင်ပစ္စည်းတွေ သိမ်းအုံးတော်ရေ့"

အဒေါ်ကြီးက ကျွန်တော့်ကိုပြောရင်း သူ့ခင်ပွန်းကိုပါ တစ်ခါတည်း လှမ်းအော်သည်။ ကျွန်တော် နေမစောင်းခင် အိမ်ပြန်ရမည်။

(၂)

"ရော့ အမေ"

"ဟဲ့ ဒီနေ့ ဒါလောက်ပဲ ရတာလား။ ဆန်ဖိုးပဲရှိတယ် ဆီကဘာနဲ့သွားဝယ်မတုံး"

"ကျွန်တော်လဲ တစ်နေကုန် ကောက်တာပဲအမေ"

"ဟဲ့ ဟိုကောင်တွေလဲ တစ်ခုခု လုပ်အုံး အေးစံ ချည်းပဲ အားကိုးမနေနဲ့။ နင်တို့ အလုပ်မလုပ်ရင်တော့ နေ့တိုင်း ဆန်ပြုတ်နဲ့ညားမှာပဲ"

"နားညည်းတယ် အမေရာ။ အေးစံ နင်ကလဲ သံတို၊ သံစ ဈေးကောင်းနေတာတောင် ဒါလေးပဲ ရသလားဟ"

မင်းသားရှုံးအောင်ကြော့မော့နေသောကျွန်တော့် အစ်ကိုလုပ်သူကို ဘာမှ ပြန်မပြောဖြစ်။ ပြန်ပြောလျှင်လည်း လက်သီးစာမိဦးမည်။ အမေမွေးထားသည့် အထဲတွင် ကျွန်တော့အစ်ကိုနှင့် မောင်လေး နှစ်ယောက်မှာ အသားဖြူကာ ရုပ်လှကြသည်။ ကျွန်တော်သာ မိန်းကလေးဖြစ်သော်လည်း မည်းသည်းပြီး ရုပ်ဆိုးနေသည်။

''အေးစံ ငါ့ကို ငါးဆယ်လောက်"

"ဟာငါအမေ့ကိုအကုန်ပေးလိုက်ပြီ မကျန်တော့ဘူး"

"နင်ကလဲ ကိုယ့်မောင်လေးတောင် မသဒ္ဒါဘူး"

"မုန့်ဝယ်ပေး မုန့်ဝယ်ပေး"

အငယ်ဆုံးလေးက လေသံဖမ်းပြီး ထအော်ငိုသည်။

"နင်တို့က တစ်မျိုးဟဲ့။ သော်တာ ရော့ တစ်ရာယူသွား။ ကလေးဖို့ ငါးဆယ်ဖိုး၊ နင် ငါးဆယ်ဖိုး ဝယ်လာခဲ့"

မောင်ငယ်သော်တာက အမေ့ဆီက ပိုက်ဆံ တစ်ရာကို ဖျတ်ခနဲ ဆွဲယူကာ ပြေးထွက်သွားသည်။

"ဟဲ့ ကလေးခေါ်သွားအုံးဆို"

"မုန့်ပေး မုန့်ပေး"

"ဝယ်လာခဲ့မယ်"

"နားညည်းအုံးတော့မယ်"

အငယ်လေးက တဝါးဝါး အော်ငိုနေသည်။

"ကျွန်တော် အမှိုက်ပစ်ဖို့ခေါ်ထားလို့ နေမဝင်ခင် သွားပစ်ပေးလိုက်အုံးမယ်အမေ"

အမေက သွားသွားဆိုပြီး လက်ခါပြသည်။ ကျွန်တော် နားအေးပြီးရောဆို ထွက်လာခဲ့သည်။ ဒေါ်ပြားအိမ်ရှေ့ရောက်တော့–

"ဒေါ်လေး ဒေါ်လေး"

"ဟဲ့ ဘယ်သူတုံး"

"ကျွန်တော်ပါ အေးစံပါ။ ဒေါ်လေး အမှိုက်ပစ်ချင်တယ်ဆိုလို့"

"သြော် အေးအေး။ ဟဲ့ နင် မိုးတောင်ချုပ်တော့မယ်"

"ရတယ် ဒေါ်လေး"

" မြို့ပြင်ထိတော့ သွားပစ်ပေးနော်"

"ဟုတ်ကဲ့ ပစ်ပေးပါ့မယ်"

ကျွန်တော် ခြံပေါက်ဝမှာရှိသည့် အမှိုက်အိတ်ကို ကောက်ယူကာ ပခုံးပေါ် ထမ်းလိုက်သည်။

"ဟဲ့ နေအုံး ရော့ ရော့။ ဒီမှာ ပိုက်ဆံ ငါးရာ ရော့။ နင်စားဖို့ မုန့်လေးရော ယူသွား။ သွက်သွက်ပစ်ပြီး သွက်သွက်ပြန်လာခဲ့နော်။ ကိုယ်က မိန်းကလေး ဆိုတာ မမေ့နဲ့အုံး"

"ဟုတ်ကဲ့ ဒေါ်လေး"

ကျွန်တော် ပိုက်ဆံနှင့် မုန့်ထုပ်ကိုယူပြီး ထွက်လာခဲ့သည်။ကျွန်တော်နေသည့်အိမ်က မြို့ပြင်နှင့် သိပ်မဝေး။

(၃)

ကျွန်တော်တို့မြို့က အခုဆို တော်တော်ကို ခြောက်ကပ်သွားသည်။ အလုပ်အကိုင် လုပ်ကိုင်စားသောက်ရတာ အဆင်မပြေကြ၍ အချို့အိမ်များမှာ အိမ်သော့ခတ်ကာ အခြားမြို့ရွာတွေမှာ သွားနေကြသည်။ ထိုအိမ်တွေမှာ အိမ်စောင့်ပင်မကျန်ခဲ့တော့။

ကျွန်တော်တို့ နေသည့်အိမ်အနီးမှာ ကျူးမိသားစု ရှိသည်။ သူတို့မိသားစုက လူအုပ်တောင့်သည်။ နေ့နေ့ ညည အပြင်ထွက်ကြသည်။

"အေးစံ"

"ဗျာ အမေ"

"ဟိုအိမ်ကဟာတွေ ကြည့်စမ်း"

လယ်ကွင်းများကို ရေပေးသောရေကန်ဘေးမှာ မိုးကာတဲဆောက်၍နေကြသော ငဖျောတို့မိသားစုကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ သူတို့လူစုမှာ ကလေး၊ လူကြီး ဆယ့်ငါးယောက်ခန့်ရှိသည်။

" ပြန်လာရင် တစ်ထုပ်တစ်ပိုးပါလာတာ ပြီးတော့ စားလိုက်သောက်လိုက်ကြတာလဲ ကြည့်အုံး။ မနက်လင်းလာ လက်ဖက်ရည်နဲ့၊ ပလာတာနဲ့၊ မုန့်ဟင်းခါးနဲ့ အထုပ်တွေ တိုးလိုးတွဲလဲဆွဲဆွဲလာတာ အမြဲမြင်နေရတယ်။ နင့်မှာတော့ ဘယ်မလဲ တစ်ရက်လာလဲ ပိုက်ဆံက ဒါလောက်ပဲပေးနိုင်တယ်။ ထမင်းစားဖို့တောင်အနိုင်နိုင်ပါလားဟဲ့ အေးစံရဲ့"

"အမေ သူတို့က"

"ဘာသူတို့ကလဲ သူတို့လဲ နင့်လိုပဲ ဘူးခွံ၊ ခွက်ခွံ၊ သံတို၊ သံစ ကောက်ရောင်းတာပဲ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်တယ် ဒါပေမဲ့"

"ဒါပေမဲ့ လုပ်မနေနဲ့။ နောက်နေ့ သူတို့သွားကောက်တဲ့ဆီ လိုက်ကောက် သူတို့လို ရမလာရင် နင် ငါ့အကြောင်းသိမယ်"

ကျွန်တော်ပြောတာကို အမေက ဆုံးအောင် နားမထောင်။အမေနားလည်အောင်လည်း ကျွန်တော် မပြောတတ်။ ဒါ့ကြောင့် အမေ့နားကနေ ထွက်လာခဲ့လိုက်သည်။

(၄)

"ဒီ ဒန်အိုးတွေ ဘယ်လောက်ပေးမလဲ"

"ဟဲ့ နင်တို့ဟာက အကောင်းတွေပါလား။ ငါတို့က အကောင်းမဝယ်ဘူး။ ပစ္စည်းအဟောင်းပဲဝယ်တာ"

"ပေးနိုင်တဲ့ ဈေးပေးပေ့ါဗျ"

"မဝယ်ဘူး မဝယ်ဘူး။ တို့က ဈေးများများလဲ မလိုက်နိုင်ဘူး ပြန်ယူသွား"

"ဒါဆိုလည်း ပြီးရောဗျာ"

"ဟဲ့ အေးစံ စံအေး ယူခဲ့ နင့်ပစ္စည်းတွေ"

ကျွန်တော်ထမ်းလာသော အိတ်ကြီးကိုဖြေကာ အဒေါ်ကြီးရှေ့မှာ ပစ္စည်းတွေကို ပုံချလိုက်သည်။

"ဗျို့ ဒေါ်ကြီး ကျုပ်တို့ပစ္စည်းတွေ အရင်ချိန်အုံး"

ငဖျောက သူယူလာသောအိတ်ထဲမှထုတ်ယူလိုက်သည့် ကြေးနန်းကြိုးခွေကို အဒေါ်ကြီးရှေ့မှာ ပစ်ချလိုက်သည်။ ပြီးတော့ ဒန်အိုး အပိန်အရှုံ့များ။ တစ်လုံးပြီးတစ်လုံး အိတ်ထဲကထွက်လာသည်။

"ဟဲ့ အေးစံ စံအေး နင့်ဟာတွေကို ရွေးပြီး တစ်ပုံစီပုံထားအုံး"

အဒေါ်ကြီးက ငဖျောပစ္စည်းများဆီ ကိုယ်ကိုလှည့်လိုက်သည်။ တစ်မျိုးပြီးတစ်မျိုး ချိန်ကာ ပိုက်ဆံရှင်းပေးနေသည်။ကျွန်တော် ငဖျောလက်ထဲက ပိုက်ဆံများကို ငေးမောကြည့်နေမိသည်။ ခဏနေတော့ စောစောက ဒန်အိုးရောင်းသော ငဖျောအစ်ကို လင်မယား ပြန်ရောက်လာပြန်သည်။ စောစောက အကောင်းအတိုင်းရှိသည့် ဒန်အိုးများမှာ လိမ်ပိန်ပြီး ပြန်ရောက်လာသည်။ အဒေါ်ကြီးလည်း ဘာမှပြောသံ မကြားရတော့ဘဲ ပစ္စည်းများကိုချိန်ကာ ငွေရှင်းပေးနေသည်။

"အေးစံ စံအေး ရွေးပြီးပြီလား နင့်ပစ္စည်းတွေ"

"ဟုတ် ရွေးပြီးပါပြီ"

"အေး အေး ယူခဲ့။ သံတို သံစတွေ အရင်ချိန်ရအောင်"

သံတို၊ သံစချိန်၊ဘူးခွံခွက်ခွံရေတွက်ပြီး ငွေရှင်းပေးသည်။ ကျွန်တော့်လက်ထဲက နှစ်ထောင်ကျော်သာရှိသောငွေကိုကြည့်ပြီး ထိုငွေကို မမြင်မိ။ ငဖျောတို့အုပ်စုရသောငွေများကိုသာ မျက်စိထဲမှာ မြင်နေမိသည်။ ကျွန်တော် ခေါင်းကို တစ်ချက်ခါလိုက်ပြီး နှစ်ထောင်ကျော်ငွေလေးကို လက်ထဲဆုပ်ကာ အိမ်သို့

စာမျက်နှာ ၂၅ သို့ ➤

# ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၇၁၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၃၇၁၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် မိုးစပါးဧက ၁၃၉၆၀၀ စိုက်ပျိုးရန် လျာထားပြီး ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၇၁၄၄ ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ စပါးဧက ၁၃၉၆၀၀ စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ၁၃၇၁၄၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးလျာထားဧကပြည့်မီအောင် လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက် ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲ မရှိ စနစ်တကျစိုက်ပျိုးနိုင်ရေး အတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် မိုးစပါးစိုက် တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးလုပ်ငန်း များဆောင်ရွက်ပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ အချိန်မီ ရောက်ရှိရေး အသိပေးဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဖာပွန်မြို့နယ် အုန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖာပွန် အောက်တိုဘာ ၂၀**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အုန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူးဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အုန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၄၂၄ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။



အုန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ လေး ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးစုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၂၄ သိန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုသက်**

➤ **စာမျက်နှာ ၂၄ မှအဆက်**

ပြန်လာခဲ့သည်။ အိမ်ရောက်လျှင် ဆူသံ ပူသံ ကြားရဦးမည်။

(၅)

ဒေါ်ပြားတို့အိမ်က အမှိုက်ပစ်ခေါ်လျှင် ကျွန်တော်ပျော်သည်။ ဒေါ်ပြားက အမှိုက်တစ်ခါပစ်လျှင် ပိုက်ဆံငါးရာပေးသည်။ ပြီးတော့ မုန့်လည်းပေးသည်။ တစ်ခါတစ်ရံ ထမင်း၊ ဟင်းလည်း ပေးတတ်သည်။ သည်နေ့လည်း ဒေါ်ပြားက အမှိုက်ပစ်ရန်ခေါ်ထားသည့်အတွက် ကျွန်တော့်ခြေလှမ်းတွေ သွက်နေသည်။

"ဒေါ်လေး ကျွန်တော် အမှိုက်သွားပစ်မလို့"

"အေး အေး ဒီနေ့တော့ လာတာ စောသားပဲ"

"ဟုတ်ကဲ့ နေလဲ တအားပူနေတာနဲ့ စောစောပြန်လာတာ"

"ဟဲ့ အေးစံ ဟိုဘက်နားက ဦးတင်ဝင်းတို့အိမ် အဖောက်ခံရလို့ဆို ခိုးသွားတာ ဘာမှတောင် မကျန်ဘူးလို့ပြောတယ်"

"ကျွန်တော်လဲ ကြားတာပဲဗျ"

"သူခိုးက မီးကြိုးတွေတောင် ဖြတ်ခိုးတာတဲ့ဟဲ့။ ခေတ်လိုက်မှာ မကြောက်ဖူးလားမသိဘူး။ အေးပါဟယ် လူမရှိတဲ့အိမ်တွေ အဖောက်ခံနေရတာ နေ့တိုင်းလိုလိုပဲ ကြားနေရတယ်။ သူခိုးကလဲ လက်ရဲဇက်ရဲ"

"သွပ်ဆူးကြိုးတောင် အလိပ်လိုက် ဖြတ်ခိုးတာပါတဲ့ဆိုကွာ မင်းကလဲ"

ဒေါ်ပြား၏ခင်ပွန်းက ဝင်ပြောသည်။

"ဟုတ်ပ့ါတော် သူခိုးတွေကလဲ သောင်းကျန်းလိုက်တာလွန်ရော၊ အေးလေ လူမနေတဲ့အိမ်တွေဆိုတော့လဲ သူခိုးတွေက ခိုးလို့ကောင်းပြီပေါ့"

ကျွန်တော် အမှိုက်အိတ်ကို ကောက်ထမ်းလိုက်သည်။

"ဟဲ့ အပြန် ပိုက်ဆံဝင်ယူရင်း ဟင်းလေးနဲ့မုန့်လေး ယူသွားအုံး။ မုန့်တော့ နင်စားလိုက်ပေါ့။ ဟင်းကတော့ အိမ်ကလူတွေရော စားရအောင်ယူသွား"

"ဟုတ်ကဲ့ဗျ"

"အင်း နင့်မလဲ နင့်အမေမွေးထားတဲ့ နင့်အစ်ကိုတွေ၊ မောင်တွေကို လုပ်ကိုင်ကျွေးနေရတာ ဒုက္ခဟဲ့"

အမှိုက်အိတ်ကိုထမ်းကာ ထွက်လာတော့ ဒေါ်ပြားတို့လင်မယား စကားပြောကျန်ခဲ့သည်။

"အမေတူ အဖေကွဲတွေဆိုတော့လည်း ဒီညီမလေးကို သိပ်ပြီး မကြင်နာကြရှာဘူး။ အင်း သူ့ကျမှလဲ ကျန်တဲ့ကလေးတွေနဲ့မတူ အရုပ်က လာဆိုးနေရှာတယ်"

"မင်းကလဲကွာ"

"သြော် ကျုပ်က ဟုတ်တာပြောတာပဲ"

သည်နေ့ ကျွန်တော် အမှိုက်ပစ်ထွက်လာတာ စောသေးသည်။ အမှိုက်ထုပ်ကို မြို့ပြင်အမှိုက်ပုံရှိရာသို့ သွားပစ်ရင်း အမှိုက်ပုံထဲက ဘူးခွံ၊ ခွက်ခွံနှင့် သံတို၊ သံစ ရသလောက် ပြန်ကောက်ခဲ့ရမည်။

ထိုပစ္စည်းများသည် ကျွန်တော့်အတွက်တော့ မိသားစုထမင်းအိုး။ အဒေါ်ကြီးအတွက်ကတော့ ရွှေ။ အမှိုက်ထဲက ရွှေ။

# ပန်းလေးပွင့်ရဲ့ ငွေရတု

\- အနုပညာ ပန်းလေးပွင့်
ပြည့်ဂုဏ်တင့် ရနံ့ကြွယ်၊
အဆိုအက အရေးအတီး
အံ့ချီးဂုဏ်ထည်၊
ပန်းလေးပွင့်တို့ စင်မြင့်အလယ်
ပြိုင်ကြမယ် မွှေးလှသည့်ပန်း၊
မြတ်ပညာ သည်တစ်ကွေ့
ချမ်းမြေ့ရွှင်လန်း။

\- မြန်မာ့ရိုးရာ ယဉ်ကျေးမှု
အထူးပြု ဂုဏ်ယူစရာ၊
မဟာဂီတဆို ရှေးသီချင်း
ရင်တွင်းသံသာ၊
အဆိုက မလွယ်ပါ
စည်းဝါးမှာ ပါလိုက်သေး၊
ရိုးရာအမွေ ထိန်းကာပြတယ်
တိကျတယ်လေး။

\- အကမှာ ခေါင်းခါးခြေလက်
တက်ကြွတဲ့ ပုံသဏ္ဌာန်
အချိုးညီညီ အလှပန်း
ဆင်မြန်းသည့်ဟန်၊
အတီးနဲ့ လိုက်ဖက်ရန်
ကိုယ်နေဟန် ပုံမယွင်း၊
မျက်နှာမှာ အပြုံးမပျက်
လှရက်လေခြင်း။

\- သံစဉ်ချို စည်းဝါးကျန
အရေးလှတဲ့ တေးသံသာ၊
တိုင်းပြည်ကို အကျိုးပြု
တွေးရှုပေတာ၊
စည်းလုံးညီညွတ် ပြည်သာယာ
ခိုင်မာစွာရေးဖွဲ့ထား။
သောတဆင် ရွှေဘဝင်ခိုက်
နှစ်ခြိုက်လို့သွား။

\- အတီးမှာ လွန်ခက်ခဲ
နက်နဲလှတဲ့ ပညာပင်၊
ကြေးကြိုးသားရေ လေလက်ခုပ်
ဖော်ထုတ်ပီပြင်၊
စနစ်ကျန တတ်မြောက်လျှင်
ပြိုင်ပွဲဝင် စိတ်ရွှင်ပြုံး၊
မြန်မာ့ရိုးရာ ပန်းလေးပွင့်
ဂုဏ်တင့်မဆုံး။ ။

**အာကာမောင်မောင်**

# လူကိုအကျိုးပြုသော အလှစိုက်အပင်ငယ်များ (၂)

ခိုင်ဇင်

လူသားအများစုဟာ သဘာဝတရားကို ချစ်မြတ်နိုးတတ်ကြပါတယ်။ ဒါကြောင့်လဲ အိမ်တို့၊ ရုံးခန်းတို့မှာ အပင်တစ်ပင် အနည်းဆုံး စိုက်ပျိုးထားကြလေ့ရှိပါတယ်။ စိမ်းစိုနေတဲ့အပင်တွေဟာ အမျိုးအစားလိုက်ပြီး လာဘ်ကောင်းတဲ့အပင်၊ စိတ်စွမ်းအင်တိုးမြင့်စေတဲ့အပင် ဆိုပြီးရှိတာမို့ သုခချမ်းသာနဲ့ လန်းဆန်းတဲ့စိတ်ခံစားမှုကို ဆောင်ကြဉ်းပေးနိုင်ပါတယ်။ ဒ့ါပြင် အလှစိုက်အပင်ငယ်တွေကို ထမင်းစားခန်းမှာ ထားမယ်ဆိုရင် ဖုန်းရွှေပညာအရ နေအိမ်အတွင်းနေထိုင်တဲ့ အိမ်ထောင်စုဝင်တွေကြား ကောင်းမွန်တဲ့ဆက်ဆံရေးတွေဖြစ်ထွန်းစေပြီး အဲဒီအိမ်မှာ နေထိုင်သူအားလုံးကို ငွေကြေးနဲ့ပတ်သက်တဲ့ ကံကောင်းမှုတွေဖြစ်ပေါ်စေပါတယ်။ ဒ့ါပြင် ဧည့်ခန်းတို့၊ အိမ်အဝင်ပေါက်တို့မှာ ထားပေးမယ်ဆိုရင် နေအိမ်ရှိသူတွေရဲ့ကျန်းမာရေး၊ အိမ်ထောင်ရေးစတာတွေဟာ သဟဇာတဖြစ်ပြီး ကောင်းကျိုးတွေ ရောက်ရှိလာကာ ကံကောင်းခြင်းတွေကို စွမ်းဆောင်ပေးနိုင်မှာဖြစ်ပါတယ်။ အိမ်ပေါက်ဝမှာ ကံကောင်းစေတဲ့ အပင်ကိုထားလိုက်တာနဲ့ မကောင်းတဲ့အတိုက်အခိုက်၊ မကောင်းတဲ့စွမ်းအင်တွေဟာ နေအိမ်အပေါက်ကနေ ပြင်ပကိုထွက်သွားမှာလို့ ဖုန်းရွှေပညာအရ ဆိုထားတာကိုတွေ့ရပါတယ်။ ဒါကြောင့် အလှစိုက်အပင်တွေဟာ စိုက်ပျိုးတဲ့အပင်တွေအပေါ်မူတည်ပြီး စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာကို တိုးတက်ကောင်းမွန်စေတာကြောင့် အလှစိုက်အပင်တွေဟာ နေ့စဉ်ဘဝတွေမှာ အရေးပါတယ်လို့ဆိုနိုင်တာဖြစ်ပါတယ်။ ၎င်းတို့ကို စိုက်ပျိုးတဲ့နေရာနဲ့ အပင်အမျိုးအစားပေါ်မူတည်ပြီး အချစ်ရေး၊ ကျန်းမာရေး၊ ကံကောင်းမှုနဲ့ကြွယ်ဝမှုတွေကို သယ်ဆောင်ပေးနိုင်ပါတယ်။ ဒါပေမဲ့ စိုက်ပျိုးထားတဲ့အလှစိုက်အပင်လေးတွေက ကျန်းမာသန်စွမ်းပြီး အရွက်မခြောက်ဘဲ ကျန်းမာနေမှသာ ကိုယ်လိုချင်တဲ့ အပြုသဘောဆောင်တဲ့စွမ်းအင်တွေကို ရရှိမယ်ဆိုတာကိုတော့ သတိပြုသင့်ပါတယ်။

**ကန္တာရပင်များ**



ရှားစောင်းမျိုးနွယ်ဝင် ကန္တာရပင်တွေဟာ အရည်ရွှမ်းပြီး ဒီနေ့ခေတ်မှာ အိမ်တွင်းအလှစိုက်အပင်တွေအဖြစ် အစိုက်များလာတဲ့ အပင်မျိုးစိတ်တစ်ခုလဲဖြစ်ပါတယ်။ အိမ်တွင်း၊ အိမ်ပြင် အလှစိုက်အပင်အနေနဲ့သာမက ပရဆေးဥယျာဉ်တွေမှာပါ ဆေးဖက်ဝင်အပင်အဖြစ် တွင်တွင်ကျယ်ကျယ်စိုက်ပျိုးလာကြတာကို တွေ့ရပါတယ်။ အန္တာတိကတိုက်ကလွဲလို့ အခြားတိုက်ကြီးတွေမှာ ကန္တာရပင်မျိုးစိတ်တွေကိုတွေ့ရပါတယ်။ ကန္တာရပင်တွေဟာ မိုးခေါင်ရေရှားခံနိုင်တဲ့ အပင်မျိုးစိတ်တွေဖြစ်တဲ့အတွက် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့ရဲ့အဆိုအရ တောင်အာဖရိကဟာ ကန္တာရပင်မျိုးစိတ်တွေရဲ့ သုံးပုံတစ်ပုံရှင်သန်ပေါက်ရောက်ရာနေရာဖြစ်တယ်လို့ မှတ်တမ်းတင်ထားတာကိုတွေ့ရပါတယ်။ ကန္တာရပင်မျိုးစိတ်ပေါင်း ၆၀ နဲ့ အထက်ရှိရပြီး အများဆုံးတွေ့ရှိရတာဟာ Aizoaceae၊ Coctaceae၊ Crassulaceae မျိုးရင်းဝင်အပင်တွေပဲဖြစ်ကြပါတယ်။ သဘာဝကန္တာရပင်တွေကို စိုက်ပေးတာဟာ လေထုကို သန့်စင်ပေးနိုင်တာ၊ လေထုစိုထိုင်းဆကိုတိုးစေတာ၊ ဆေးလိပ်ငွေ့၊ မီးခိုးငွေ့တွေရဲ့အဆိပ်အတောက်တွေကို ဖယ်ရှားပေးနိုင်တာ၊ စိတ်ကျန်းမာရေးကိုမြှင့်တင်ပေးနိုင်တာ၊ ဆေးဖက်ဝင်တာ၊ အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးနိုင်တာကြောင့် စိုက်ပျိုးသင့်တဲ့အပင်ငယ်လေးတွေဖြစ်ပါတယ်။ ကန္တာရပင်တွေဟာ ပတ်ဝန်းကျင်အခြေအနေနဲ့ လိုက်လျောညီထွေရှိစွာ ရှင်သန်ပေါက်ရောက်နိုင်တဲ့ အပင်တွေဖြစ်ပါတယ်။ ကန္တာရပင်တွေဟာ လှပရုံသာမက ကောင်းမွန်တဲ့ကံကြမ္မာကိုလဲ ဆွဲဆောင်နိုင်တာကြောင့် အိမ်အဝင်ပေါက်ရဲ့ ညာဘက်မှာ မြောက်ဘက်ကို အမြဲမျက်နှာမူပြီး စိုက်ထားသင့်ပါတယ်။

**ဆွီဒင်အိုင်ဗီပန်းပင်**



ဆွီဒင်အိုင်ဗီအမည်ရှိတဲ့ ဆွဲပန်းပင်ဟာ အာဖရိကမျိုးရင်းအပင်တစ်မျိုးဖြစ်ပါတယ်။ ဆွီဒင်အိုင်ဗီပင်ဟာ သေချာဂရုစိုက်ရတဲ့အပင်ဖြစ်ပြီး သူ့ကို သင့်တင့်မျှတတဲ့အပူချိန်နဲ့ အလင်းရောင်ကောင်းတဲ့နေရာတွေမှာ စိုက်ပျိုးရမှာဖြစ်ပါတယ်။ ဆွီဒင်အိုင်ဗီဟာ ရေမကြိုက်တဲ့အတွက် တော်ရုံသင့်ရုံရေလောင်းရုံနဲ့ အဆင်ပြေတဲ့အပင်ဖြစ်ပါတယ်။ စိုစွတ်တဲ့ ပတ်ဝန်းကျင်ကို နှစ်သက်တဲ့အတွက် အပူရှိန်ပြင်းတဲ့မီးဖို၊ မီးလုံးတွေ အနီးမှာမထားဘဲ ပတ်ဝန်းကျင်အေးမြစိုစွတ်တဲ့နေရာတွေမှာ စိုက်ပျိုးပေးထားရမှာဖြစ်ပါတယ်။ အလျင်အမြန်ကြီးထွားတဲ့အပင်ဖြစ်တာကြောင့် နွယ်ကျလာတဲ့ အပင်ရဲ့အကိုင်းအခက်တွေကို သေချာစနစ်တကျ လှလှလေးဖြစ်အောင် ဖြတ်တောက်ပေးရပါမယ်။ ဆွီဒင်အိုင်ဗီဟာ တစ်နှစ်ပတ်လုံး ပန်းပွင့်ပြီး ပွင့်တဲ့ပန်းတွေဟာ အပြာရောင်ပန်းနဲ့ ခရမ်းရောင်ပန်းတွေဖြစ်ကာ မျက်စိပသာဒဖြစ်ပြီး နေအိမ်ကို လှပစေပါတယ်။ ဆွီဒင်အိုင်ဗီပင်ကို လစဉ် ဒါမှမဟုတ် နွေရာသီကာလတွေမှာတော့ မြေသြဇာထည့်ပေးရမှာဖြစ်ပြီး မြေဆွပေါင်းသင်ပေးရင် ပိုမိုလှပတဲ့အပင်ဖြစ်လာမှာဖြစ်ပါတယ်။ ဆွီဒင်အိုင်ဗီပင်တွေဟာ အမြင်လှပတဲ့အပင်တွေဖြစ်ပါတယ်။

**ယေရိခေါရဲ့နှင်းဆီ**

ယေရိခေါရဲ့နှင်းဆီပင်ဟာ အာဖရိက၊ အာရှနဲ့ မြောက်အမေရိကတို့လို မိုးနည်းတဲ့ဒေသတွေမှာ ပေါက်ရောက်လေ့ရှိတဲ့အပင်တွေဖြစ်ပါတယ်။ ရှေးခေတ် အီဂျစ်နဲ့ ဂရိနိုင်ငံတို့မှာ ယေရိခေါရဲ့နှင်းဆီပန်းကိုနေအိမ်မှာ စိုက်ပျိုးထားရင် ချမ်းသာကြွယ်ဝလာမယ်လို့ ယုံကြည်မှုရှိကြပါတယ်။ ယေရိခေါရဲ့နှင်းဆီဟာ မိုးခေါင်တဲ့အခြေအနေမှာတောင်



လိုက်လျောညီထွေဖြစ်ဖြစ်နဲ့ ရှင်သန်ပေါက်ရောက်နိုင်ပါတယ်။ ယေရိခေါရဲ့နှင်းဆီပင်ဟာ ရေမရတဲ့အခါ အရွက်တွေဟာ ဘောလုံးတစ်လုံးလိုလုံးပြီး လိပ်သွားပါတယ်။ အဲဒီလိုခြောက်သွေ့ပြီး လုံးသွားတဲ့အပင်ဟာ ရေနဲ့ထိလိုက်ပြီးနောက် နာရီအနည်းငယ်အကြာမှာပဲ စိမ်းစိုလာပြီး ပြန်လည်ရှင်သန်လာပါတယ်။ အမြစ်တွေပျက်စီးမနေဘူးဆိုရင် ခဏလေးအတွင်း ပုံမှန်အပင်လိုစိမ်းစိုသွားတဲ့အပင်ဖြစ်ပါတယ်။ အဲဒီအပင်ဟာ ဘယ်လောက်ကြီး ခြောက်သွေ့ပျက်စီးနေပါစေ အပင်ရဲ့အရွက် ဇီဝဗေဒဖွဲ့စည်းပုံကြောင့် နှစ်ပေါင်းများစွာ ရေမရလို့ခြောက်သွေ့နေပါစေ ရေရတာနဲ့ပြန်ရှင်နိုင်ကြပါတယ်။ ယေရိခေါရဲ့နှင်းဆီက တကယ့်နှင်းဆီမျိုးဝင်အပင်မဟုတ်ပါဘူး။ တင်စားခေါ်ထားတာဖြစ်ပြီး သူ့ရဲ့တကယ့်မျိုးစိတ်ကတော့ မုန်ညင်းမျိုးစိတ်ဖြစ်ပါတယ်။ ပြုစုစောင့်ရှောက်ရလွယ်ကူပြီး အကြမ်းခံတဲ့ ယေရိခေါရဲ့နှင်းဆီပင်ဟာ ငွေကြေးချမ်းသာကြွယ်ဝမှုအတွက် အတိတ်နိမိတ်ကောင်းတွေကို ဆောင်ယူလာနိုင်တဲ့ လာဘ်ခေါ်ပင်လေး ဖြစ်ပါတယ်။

**ကျောက်စိမ်းပင်**

ကျောက်စိမ်းပင်လို့ခေါ်ကြတဲ့ လာဘ်ခေါ်ပင်က လုပ်ငန်းခွင်နဲ့ နေအိမ်တွေမှာ အစိုက်အများဆုံးစိုက်ကြတဲ့အပင်တွေဖြစ်ပါတယ်။ ကျောက်စိမ်းပင်ဟာ လူစိုက်များတဲ့ အလှစိုက်ပင်ဖြစ်ပြီး တရုတ်နိုင်ငံမှာတော့ ကျောက်စိမ်းပင်ဟာ ကြွယ်ဝမှုနဲ့ချမ်းသာမှုကို ကိုယ်စားပြုတဲ့ အပင်တွေဖြစ်ပါတယ်။ ကောင်းတဲ့အပြုသဘောဆောင်စွမ်းအင်တွေနဲ့ ပြည့်ဝနေတဲ့ ကျောက်စိမ်းပင်ဟာ အလင်းရောင်လိုအပ်တဲ့ အပင်ဖြစ်ပါတယ်။ ကျောက်စိမ်းပင်ရဲ့ မူရင်းဒေသကတော့ မိုဇမ်ဘစ်နိုင်ငံဖြစ်ပြီး ရေသိပ်လောင်းစရာမလိုတဲ့အပင်ဖြစ်ပါတယ်။ ကျောက်စိမ်းပင်ဆိုတဲ့ အတိုင်း သူ့ရဲ့အရွက်တွေဟာ အမြဲစိမ်းစိုလန်းဆန်းတောက်ပြောင်နေတတ်ပြီး လေထုကိုလဲ သန့်စင်ပေးနိုင်တဲ့အပင်ဖြစ်ပါတယ်။ ကျောက်စိမ်းပင် ရှင်သန်ဖြစ်ထွန်းဖို့အတွက် အားဆေးဖျန်းပေးပြီး



နှစ်ပတ်ကိုတစ်ကြိမ် ပုံမှန်ရေလောင်းရုံနဲ့ ရှင်သန်နိုင်တဲ့အပင်တွေဖြစ်ပါတယ်။ ကျောက်စိမ်းအပင်သည် အရည်ရွှမ်းပြီး စိုက်ပျိုးတဲ့နေအိမ်ပိုင်ရှင်ကိုလဲ ကံကောင်းမှုတွေ ပေးစွမ်းနိုင်တဲ့အပင်ဖြစ်ပါတယ်။ ဒ့ါပြင် ကျောက်စိမ်းပင်ကို ချစ်ကြည်ရေးသစ်ပင်၊ ကံကောင်းစေတဲ့အပင်၊ ငွေခေါ်ပင်လို့လူသိများကာ အာရှမှာ လူကြိုက်များတဲ့ အပင်ဖြစ်ပါတယ်။

**လာဗန်ဒါပင်**

လာဗန်ဒါပင်ဟာ လာဗီအားတီမျိုးရင်းမှာပါဝင်ပြီး ရုက္ခဗေဒအမည်ကတော့ လဗင်ဒူလာဗီရာဖြစ်ပါတယ်။ လာဗန်ဒါပင်ဟာ ချုံပင်ငယ်မျိုးဖြစ်ပြီး အပွင့်နဲ့ အရွက်တွေမှာ သင်းပျံ့တဲ့အနံ့တွေရှိပါတယ်။ လာဗန်ဒါပင်ရဲ့ မူလပေါက်ရာအရပ်တွေကတော့ မြေထဲပင်လယ်ဒေသတွေ၊ အာရှတိုက်ရဲ့ အနောက်တောင်ဘက်ရှိ နိုင်ငံတွေမှာ ပေါက်ရောက်ကြပါတယ်။ လာဗန်ဒါကို အိုင်ဘာရီယန်ကျွန်းဆွယ်နဲ့ မြေထဲပင်လယ်ကမ်းရိုးတန်းတစ်ခုလုံး၊ အာဖရိကတောင်ပိုင်း၊ အရှေ့အလယ်ပိုင်းစတဲ့ဒေသတွေမှာ တွေ့ရပါတယ်။ လာဗန်ဒါပန်းပင်တွေဟာ ခရမ်းရောင်အရောင်အသွေးကြောင့် အင်မတန်လှပြီး သူ့ကို ဥယျာဉ်တွေမှာ အများဆုံးစိုက်ကြပါတယ်။ သင်းပျံ့တဲ့ရနံ့နဲ့မျက်စိပသာဒဖြစ်တဲ့ လာဗန်ဒါပန်းရဲ့အဆင်းကြောင့် သူ့ကို အလှစိုက်ပန်းအနေနဲ့သုံးကြပါတယ်။ ဒ့ါပြင် လာဗန်ဒါပန်းကို အလှကုန်ပစ္စည်းထုတ်လုပ်ရာမှာ ထည့်သွင်း



အသုံးပြုကြတဲ့အပြင် လာဗန်ဒါအဆီတွေကိုထုတ်ယူပြီး တိုင်းရင်းဆေးဖော်စပ်ရာမှာလဲ အသုံးပြုကြပါတယ်။ ဒါကြောင့် လာဗန်ဒါပင်ဟာ စီးပွားဖြစ်စိုက်ပျိုးကြတဲ့အပင်ထဲမှာပါလို့ စိုက်ပျိုးသင့်ပါတယ်။

**ကိုးကား**


– 28 Plants for Wealth, Prosperity and Good Energy

– Lucky plants for home to invite wealth and positivity

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၇၄၁၈ ဧက စိုက်ပျိုးပြီးစီး



**မင်းကင်း အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၇၄၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၇၁၆၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၇၄၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မင်းကင်းမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီ ဆီထွက်သီးနှံစုံ ၂၇၁၆၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၇၄၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ဆီထွက်သီးနှံစုံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၈၁၅၅ ဧက၊ နှမ်း ၁၉၀၁၉ ဧကနှင့် အခြားဆီထွက်သီးနှံ ၂၄၄ ဧက စုစုပေါင်း ၂၇၄၁၈ ဧကဖြစ်ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံစိုက်ပျိုးရန်အတွက် သီးနှံအလိုက် လျာထားမှုအနေဖြင့် မြေပဲ ၅၉၀၅ ဧက၊ နှမ်း ၂၁၂၅၇ ဧက စုစုပေါင်း ၂၇၁၆၂ ဧကဖြစ်ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးတို့ကို စိုက်ခင်းများအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# တောင်ကြီးမြို့နယ် ပန့်ပုန်းခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းသော်အနောက်ကျေးရွာအုပ်စု ပန့်ပုန်းခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက ပန့်ပုန်းခေတ်မီစံပြကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပန့်ပုန်းခေတ်မီစံပြကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် နေကြာစိုက်ပျိုးမည့် အလင်းရောင်အဖွဲ့၊ ရွှေပြီးအဖွဲ့၊ ငွေပြီးအဖွဲ့၊ ကြာညိုအဖွဲ့ စုစုပေါင်း အစုအဖွဲ့ လေးဖွဲ့အား တစ်ဖွဲ့လျှင် RBF စီမံကိန်းရန်ပုံငွေ ၇၅ သိန်းဖြင့် စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# တောမီးလောင်ကျွမ်းမှုများကြောင့် ၂၀၂၃ ခုနှစ်ထက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကာဗွန်ထုတ်လွှင့်မှု ၆၀ ရာခိုင်နှုန်းမြင့်တက်နေကြောင်း သုတေသီများထုတ်ပြန်



**လန်ဒန် အောက်တိုဘာ ၂၀**

ဗြိတိန်နိုင်ငံ ဆွမ်ဆီးတက္ကသိုလ်မှသုတေသီများက တောမီးလောင်ကျွမ်းမှုများကြောင့် ကာဗွန်ထုတ်လွှင့်မှုများနှင့်ပတ်သက်ပြီး သုတေသနလုပ်ငန်းများဆောင်ရွက်ခဲ့ရာ သုတေသနရလဒ်များအရ ၂၀၂၃ ခုနှစ်ထက် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကာဗွန်ထုတ်လွှင့်မှု ၆၀ ရာခိုင်နှုန်းထိမြင့်တက်နေကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ သုတေသနလုပ်ငန်းများကို Director of the Centre for Wildfire Research စင်တာမှ ဒါရိုက်တာဖြစ်သူ စတီဖန်က ဦးဆောင်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်မှုနှုန်းကို မထိန်းချုပ်နိုင်သေးသရွေ့ ကာဗွန်ထုတ်လွှင့်မှု လျှော့ချရေးစီမံချက်များကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်မည် မဟုတ်ကြောင်း စတီဖန်က ပြောကြားခဲ့သည်။

"ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကဦးဆောင်ပြီးတော့ ကာဗွန်ထုတ်လွှင့်မှုလျှော့ချရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ လုပ်ငန်းတိုးတက်မှုအခြေအနေနဲ့ ပတ်သက်ပြီးတော့ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ရာမှာ တော့ ယခုနှစ်အတွင်း ကာဗွန်ထုတ်လွှင့်မှုတွေ ၂၀၂၃ ခုနှစ်ကထက် ၆၀ ရာခိုင်နှုန်းလောက်ထိ မြင့်တက်ခဲ့တာတွေ့ရတယ်။ ဒီလိုမြင့်တက်ခဲ့ခြင်းရဲ့ အဓိကအကြောင်းရင်းက တောမီးလောင်ကျွမ်းမှုတွေကြောင့်ဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုက နေထွက်ပေါ်လာတဲ့ ကာဗွန်တွေကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကာဗွန်ထုတ်လွှင့်မှုမြင့်တက်ခဲ့တာဖြစ်ပါတယ်"ဟု Director of the Centre for Wildfire Research စင်တာမှ ဒါရိုက်တာဖြစ်သူ စတီဖန်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# နာဒိုင်းဟုအမည်ပေးထားသောမုန်တိုင်း မက္ကဆီကိုနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်

**ဝါရှင်တန် အောက်တိုဘာ ၂၀**

နာဒိုင်းဟု အမည်ပေးထားသောမုန်တိုင်းသည် အောက်တိုဘာ ၁၉ ရက်တွင် ဂွာတီမာလာနိုင်ငံမှတစ်ဆင့် မက္ကဆီကိုနိုင်ငံသို့ ဝင်ရောက် တိုက်ခတ်ခဲ့ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် ဟာရီကိန်းမုန်တိုင်းစင်တာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ ဘီလိုက်ကျွန်းနှင့် ယူကာတန်ကျွန်းသို့ ဗဟိုပြုတိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းသည် တစ်နာရီ ၁၃ မိုင်နှုန်းဖြင့်တိုက်ခတ်နေခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် ဖြစ်ပေါ်နေသည့် လေတိုက်နှုန်းမှာလည်း တစ်နာရီ ၃၅ မိုင်နှုန်းထိ မြင့်တက်နေကြောင်း ထုတ်ပြန်ခဲ့သည်။

"နာဒိုင်းမုန်တိုင်းဟာ ဂွာတီမာလာနိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီးတော့ မက္ကဆီကိုနိုင်ငံကို ဝင်ရောက်တိုက်ခတ်နေပါတယ်။ မုန်တိုင်းဟာ မက္ကဆီကိုနိုင်ငံကို တိုက်ခတ်ပြီးရင်တော့ အမေရိကန်နိုင်ငံဘက်ကိုလဲ ရောက်ရှိလာနိုင်ပါတယ်"ဟု အမေရိကန်နိုင်ငံအခြေစိုက် ဟာရီကိန်းမုန်တိုင်းစင်တာက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းသည် အသက်အန္တရာယ်ကိုခြိမ်းခြောက်နိုင်သည့် အဆင့်မျိုး ဖြစ်သည့်အတွက် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်ပြီး မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက မုန်တိုင်းဝင်ရောက်ရာလမ်းကြောင်းတစ်လျှောက်ရှိ ဒေသများကို အရေးပေါ်သတိပေးချက်ထုတ်ပြန်ထားသည်။

Ref : Sputnik News
Trs : Sai Sat

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မီးခိုးမြူဖုံးလွှမ်းမှုကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လျက်ရှိ

**နယူးဒေလီ အောက်တိုဘာ ၂၀**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့နှင့် ယမုံနာမြစ်ပေါ်တွင် အောက်တိုဘာ ၁၉ ရက်က မီးခိုးမြူ ဖုံးလွှမ်းမှုများဖြစ်ပေါ်ခဲ့ပြီး လေထုအရည်အသွေးညွှန်းကိန်းသည် အလွန်ညံ့ဖျင်းသောအခြေအနေသို့ရောက်ရှိခဲ့ကြောင်း ဗဟိုလေထုညစ်ညမ်းမှု ထိန်းချုပ်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် အောက်တိုဘာ ၁၉ ရက်က မီးခိုးမြူများ ဖုံးလွှမ်းမှုကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်ခဲ့ရာ မြို့တော်ဧရိယာအတွင်းရှိ အက်ရှ်ရှာဒမ် ဘုရားရှိခိုးကျောင်း၊ ပို့ဆောင်ရေးအချက်အချာမြို့တော်ဖြစ်သော အာနန်ဗီဟာကဲ့သို့ လူဦးရေ ထူထပ်သောနေရာများတွင် လေထုညွှန်းကိန်းသည် ၃၃၄ ထိမြင့်တက်ခဲ့ပြီး လေထုအရည်အသွေးအလွန်ညံ့ဖျင်းခဲ့ကြောင်း ဗဟိုလေထုညစ်ညမ်းမှုထိန်းချုပ်ရေး အဖွဲ့မှထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ယမုံနာမြစ်ပေါ်ရှိ အဆိပ်အတောက်အမြှုပ်များတွင် အမိုးနီးယားနှင့် ဖော့စဖိတ်ဓာတ်များပါဝင်ပြီး အသက်ရှူလမ်းကြောင်းနှင့် အရေပြားရောဂါများကဲ့သို့ ကျန်းမာရေးအန္တရာယ်များ ဖြစ်ပေါ်စေနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အေဂျင်စီများကပြောကြားထားပြီး အိန္ဒိယအစိုးရကလည်း ယခုသီတင်းပတ် အစောပိုင်းမှ စတင်၍ မီးရှူးမီးပန်းထုတ်လုပ်ရောင်းချခြင်း၊ သိုလှောင်ခြင်းများကို တားမြစ်ထားကြောင်း သိရသည်။

နယူးဒေလီမြို့သည် နှစ်စဉ်ဆောင်းရာသီရောက်တိုင်း လေထုညစ်ညမ်းမှုပြဿနာဖြင့်ကြုံတွေ့ရလေ့ရှိရာ ယခုနှစ်တွင်လည်း လေထုအရည်အသွေး ညံ့ဖျင်းမှုဖြင့် စတင်ကြုံတွေ့လာရပြီး အောက်တိုဘာ ၁၉ ရက်တွင် နယူးဒေလီမြို့တွင် လေထုညွှန်းကိန်း ၃၀၀ ထက်ကျော်လွန်သောနေရာ ၁၃ နေရာထိ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : AZH



# ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် လူပေါင်း ငါးရာခန့်ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ထား

**နယူးယောက် အောက်တိုဘာ ၂၀**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အောက်ကလန်မြို့အနီးတွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်နှစ်လုံး မီးကူးစက်လောင်ကျွမ်းခဲ့ပြီး လူပေါင်း ငါးရာခန့်ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန်မီးသတ်တပ်ဖွဲ့က အောက်တိုဘာ ၁၉ ရက်တွင် အမိန့်ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင် အောက်တိုဘာ ၁၈ ရက်မှစ၍ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့်လူနေအိမ်နှစ်လုံးမီးလောင်ကျွမ်းခဲ့ပြီး မီးသတ်သမားများက တောမီးကို ထိန်းချုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိရာ ဒေသခံလူဦးရေ ငါးရာခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် မီးသတ်တပ်ဖွဲ့ကအမိန့်ထုတ်ပြန်ခဲ့ပြီး တောမီးကူးစက်လောင်ကျွမ်းမှုသည် မေနော့၊ ဆန်ဖိုဒ်၊ ဂရင်းရစ်ခ်ျကန်ညွှန့်အုတ် ရပ်ကွက်များအနီးသို့ပါ ကူးစက်လောင်ကျွမ်း၍ လူနေအိမ်ဒါဇင်ပေါင်းများစွာကို ခြိမ်းခြောက်ခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခြင်းမရှိခဲ့ကြောင်း မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် အချိန်တိုအတွင်း ၁၃ ဧကထိ ကူးစက်လောင်ကျွမ်းခဲ့သော်လည်း မီးသတ်တပ်ဖွဲ့က ၅၀ ရာခိုင်နှုန်းထိအခြေအနေကို ထိန်းချုပ်ထားနိုင်ကြောင်း ထုတ်ပြန်ထားသည်။

အဆိုပါတောမီးသည် အောက်တိုဘာ ၁၈ ရက်မှစတင်၍ အမှတ် (၅၈၀) ပြည်နယ် အဝေးပြေးလမ်းမကြီးအနီး ခြောက်သွေ့သောမြက်တောများမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၁၉ ရက်တွင် အဆင့်ငါးသတ်မှတ်၍ မီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း ကယ်လီဖိုးနီးယားပြည်နယ်မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တောမီးကူးစက်လောင်ကျွမ်းရသည့်အကြောင်းအရင်းကို စုံစမ်းမှုများ လုပ်ဆောင်လျက်ရှိပြီး လေပြင်းတိုက်ခတ်မှုကြောင့် အချို့နေရာများတွင် အနီရောင်သတိပေးချက် ထုတ်ပြန်ထားရကာ မီးသတ်တပ်ဖွဲ့က ကြိုးစားငြိမ်းသတ်လျက်ရှိကြောင်း အောက်ကလန်မြို့တော်ဝန်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# အေဇိုရက်စ်ကျွန်းတွင် ရေနေသတ္တဝါများကိုကာကွယ်ပေးမည့် ဧရိယာတည်ဆောက်သွားရန် ပေါ်တူဂီအာဏာပိုင်အဖွဲ့အစည်းက ခွင့်ပြုပေးခဲ့

**လစ္စဘွန်း အောက်တိုဘာ ၂၀**

ပေါ်တူဂီနိုင်ငံ နယ်နိမိတ်အတွင်းရှိ မြောက်အတ္တလန္တိတ်ရေဧရိယာဖြစ်သည့် အေဇိုရက်စ်ကျွန်းတွင် ရေနေသတ္တဝါများကိုကာကွယ်ပေးမည့် ဧရိယာတည်ဆောက်ရေးနှင့်ပတ်သက်ပြီး အေဇိုရက်စ်ကျွန်း အာဏာပိုင်အဖွဲ့အစည်းက ပေါ်တူဂီအစိုးရထံတင်ပြခဲ့ရာ ယနေ့တွင် ခွင့်ပြုပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကဦးဆောင်၍ ၂၀၃၀ ပြည့်နှစ်အရောက်တွင် မြောက်အတ္တလန္တိတ် ရေဧရိယာတွင် ရေနေသတ္တဝါများကို ကာကွယ်ပေးမည့် အကြီးဆုံးဧရိယာတစ်ခု တည်ဆောက်ရန် ပစ်မှတ်ထားနေခြင်းဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံအလိုက်မှ ၎င်းဧရိယာကို တည်ဆောက်ရန် လည်း ပြင်ဆင်လာကြောင်း၊ မြောက်အတ္တလန္တိတ်ရေဧရိယာနှင့် ထိစပ်နေသောနိုင်ငံများက ရေနေသတ္တဝါများကိုကာကွယ်ပေးမည့် ဧရိယာတည်ဆောက်ရာတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချိတ်ဆက်သွားမည်ဖြစ်သည်။

"၂၀၃၀ ပြည့်နှစ်အရောက်မှာ မြောက်အတ္တလန္တိတ် ရေဧရိယာအတွင်း ရေနေသတ္တဝါတွေကို ကာကွယ်ပေးမဲ့ ဧရိယာတည်ဆောက်ရေးကို အေဇိုရက်စ်ကျွန်းက စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ ဂေဟစနစ်ပျက်စီးမှုမရှိစေရေးနဲ့ ရေနေသတ္တဝါမျိုးစိတ်တွေ မျိုးသုဉ်းမှုမရှိစေရေးအတွက် ရည်ရွယ်ပြီး တည်ဆောက်မှာ ဖြစ်ပါတယ်။ အေဇိုရက်စ်ကျွန်းအတွက် ပေါ်တူဂီအစိုးရက ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်"ဟု အေဇိုရက်စ်ကျွန်း အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဘာနက်ဒိုက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

5 Digits Online Lottery

5 Digits အောင်ဘာလေအွန်လိုင်းထီ လာတော့မည် ကံထူးရှင်ကြီးဖြစ်တော့မည်

- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှစတင်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးဖြင့် ရောင်းချသွား မည်ဖြစ်ပြီး ထီလက်မှတ်တစ်စောင် တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက် နေ့အထိသာ နောက်ဆုံးရောင်းချပေးမည်ဖြစ်ပါသည်။
- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်သော (၆၇)ကြိမ်မြောက် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ အောင်ဘာ လေအွန်လိုင်းသိန်း ဆုထီစနစ်၏ ထီပေါက်စဉ်အား အသစ်ဆောင်ရွက်ထားသည့် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံး အောင်ဘာလေ အွန်လိုင်းထီစနစ်တွင် ဆက်လက်ကြည့်ရှုနိုင်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား (၁)လလျှင် (၂)ကြိမ် ရောင်းချပေးမည် ဖြစ်ပြီး ရောင်းချမည့်ကာလ များမှာ လတစ်လ၏ (၁)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၁)ကြိမ်နှင့် (၁၆)ရက်နေ့မှ လကုန်ရက် မတိုင်မီ (၁) ရက် အလိုအထိ (၁) ကြိမ် စုစုပေါင်း (၂) ကြိမ်ဖြစ်ပါ သည်။ လတစ်လ၏ ပထမအကြိမ်အတွက် ထီဖွင့်ပွဲအား လစဉ် (၁၆)ရက်နေ့ နှင့် ဒုတိယအကြိမ် အတွက် ထီဖွင့်ပွဲအား နောက်လ၏ (၂)ရက် နေ့တွင် ပုံမှန် ဖွင့်လှစ် ပေးသွားမည်ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီတွင် **Jackpot** ဆု၊ ယူနစ်ဆုနှင့် နစ်သိမ့်ဆု များဖြင့် ထီဆုများ ဖွင့်လှစ် ပေးမည် ဖြစ်ပါသည်။
- **Jackpot** ဆု၏ ထီလက်မှတ်ကံထူးရှင်အား (၃) ကြိမ်တိတိ ဖွင့်လှစ်ရွေးချယ်ပေးမည်ဖြစ်ပြီး (၃)ကြိမ် အတွင်းပေါက်မဲ နံပါတ် ထွက်ပေါ်လာပါက **Jackpot** ဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ (၃) ကြိမ်အတွင်း ပေါက်မဲနံပါတ် မထွက်ပေါ် ပါက **Jackpot** ဆုအတွက် ထီဆုငွေအား နောက်တစ်ကြိမ် ထီဖွင့်ပွဲတွင် ပေါင်းထည့်ပေးသွားမည် ဖြစ်ပါသဖြင့် ဆတိုးရရှိနိုင် သည့် ထီဆုကြီး အမျိုးအစားဖြစ်ပါသည်။ **Jackpot** ဆု အတွက် ကံထူးရှင် မထွက် ပေါ်လာသေးသော **Jackpot** ထီ ဆုငွေများအား အများဆုံး (၆)ကြိမ် (၃လ) အထိဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ (၆)ကြိမ်မြောက် တွင် **Jackpot** ထီဆုကြီးအား (၃) ကြိမ် မဟုတ်ပဲပေါက်မဲနံပါတ် ထွက်ပေါ်လာသည်အထိ ဖွင့်လှစ်ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။
- ယူနစ်ဆုနှင့် နစ်သိမ့်ဆုများကို ပေါက်မဲနံပါတ် မထွက်ပေါ်လာမချင်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပြီး ယူနစ် ရသလောက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို ယခင် **Aung Bar Lay** အက်ပလီကေးရှင်း တွင်ပင် ဝယ်ယူကံစမ်းနိုင်ပါသည်။
- **Aung Bar Lay** အက်ပလီကေးရှင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် **Version** အသစ်မြှင့်တင်မှု စတင် ဆောင်ရွက်နိုင်ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှ စတင်၍ ထီလက်မှတ်ကို ဝယ်ယူကံစမ်း နိုင်မည်ဖြစ်ပါသည်။
- ထီလက်မှတ် ငွေပေးချေခြင်း နှင့် ထီဆုငွေထုတ်ယူခြင်းများသည် ယခင် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ် (အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံး) အတိုင်း ဖြစ်ပါသည်။




ဆတိုးဆုကြီး Jackpot

လစဉ်ထီဖွင့်ရက် ၂ ရက်နှင့် ၁၆ ရက်

ထီတစ်စောင် (၁၀၀၀)ကျပ်

ထီကံစမ်းခွင့် တစ်လ (၂) ကြိမ်

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှ စတင်ပြီး ကံစမ်းနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။


# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၂၀၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ချောင်းဦး အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၂၀၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၂၀၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲစင်းငုံ ၂၀၂၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲစင်းငုံဧက ၂၀၃၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ပဲစင်းငုံ ၂၀၂၀၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်း ကောင်းမွန်စေရေးတို့အတွက် ကွင်းဆင်း အသိပညာပေးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးထံမှ သိရသည်။

ချောင်းဦးမြို့နယ်အတွင်းရှိ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသော တောင်သူများကို ရွက်ဖျန်းဓာတ်မြေဩဇာ ဝယ်ယူမှုသက်သာလျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချား ပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့်လက်ချား သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှု ကောင်းမွန်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# တွံတေးမြို့နယ် ခေတ္တိယရွာသစ်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

တွံတေး အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ္တိယရွာသစ် ခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့် တာဝန်ရှိသူများက ခေတ္တိယရွာသစ်ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး လအလိုက်ဖြည့်သွင်းရမည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊မရှိ ကြည့်ရှုစစ်ဆေးခဲ့သည်။

ခေတ္တိယရွာသစ်ခေတ်မီစံပြကျေးရွာ၌ အရှည် ပေ ၂၁၀၊ အမြင့် ခြောက်ပေရှိ စာကြည့်တိုက် ခြံစည်းရိုးကာရံခြင်းနှင့် အလျားခြောက်ပေ၊ အနံ ခြောက်ပေ၊ အမြင့် ခြောက်ပေရှိ သန့်စင်ခန်း တည်ဆောက်ခြင်း လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၂၄ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ခြောက်သိန်း စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၁၃၀ အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် ဇူလိုင်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

# တပ်မတော် (ကြည်း၊ရေ၊လေ)လက်ရုံး / ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၄ ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အဌမတန်း (သို့) Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ (၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့် အတူ ၂၃-၉-၂၀၂၄ ရက်နေ့မှ ၆-၁၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ် အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံလစာ (၁၅၀၀၀၀)ကျပ် နှင့်စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော် (ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက် ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့ (သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။







## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမရပူရမြို့နယ်၊ ခနဲးကျေးရွာအုပ်စု၊ ကုလားရွာနေ ဦးဝင်းဆွေ+ဒေါ်လှလေး တို့၏သား **မောင်ပြည့်ဘုန်းဆွေ (၉/အမရ(နိုင်)၂၀၅၂၆၆)** သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သတ်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*စုံစမ်းမေးမြန်းခြင်းသည်းခံပါ*

ဦးဝင်းဆွေ (၉/အမရ(နိုင်)၀၂၃၅၆၃)

ဒေါ်လှလေး (၉/အမရ(နိုင်)၀၂၃၅၅၁)

## အိမ်နှင့်ခြံ ရောင်းမည်

- ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာ ကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ
- မန္တလေး-လားရှိုးအဆင်းလမ်းဘေး

ဆက်သွယ်ရန်/

၀၉-၇၇၀၁၂၇၇၃၅

၀၉-၈၈၆၆၆၆၁၇၁

### ပျောက်ဆုံးကြောင်း

မိုးညှင်းမြို့နယ်၊ ဟဲပု၊ နန့်မောက်ကန်ကျေးရွာနေ မောင်မျိုးသူဟ (ဘ) ဦးထွန်းထွန်းလင်း (၁/မညန(နိုင်)၂၂၁၉၆၆)၏ နိုင်ငံကူး လက်မှတ်အမှတ် (MJ-145293)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ ၀၉-၇၅၉၁၆၉၀၈၄

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ **နိုင်ငံစီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများ ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



ပဲခူးတိုင်းဒေသကြီးရှိ နယ်မြေခံသင်တန်းကျောင်း၌ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က ဂုဏ်ပြုဖျော်ဖြေစဉ်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက ဂုဏ်ပြုဖျော်ဖြေ

နေပြည်တော် အောက်တိုဘာ ၂၀

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာအသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်


စာမျက်နှာ ၁၆ ကော်လံ ၁ ☆

# ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ် ဆက်လက်တည်ရှိ

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းဆဲလ်သည် ပိုမိုအားကောင်းလာနိုင်ကာ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)အဖြစ်သို့လည်းကောင်း၊ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး

စာမျက်နှာ ၂၂ ကော်လံ ၁ ❑




စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၄၆၃၇၆ ဧက စိုက်ပျိုးပြီးစီး စာမျက်နှာ - ၂

အာရှယူ-၁၇ ခြေစစ်ပွဲကစားရန် မြန်မာယူ-၁၇ အသင်း ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ စာမျက်နှာ - ၉

တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံး၊ လူသုံးကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ စာမျက်နှာ - ၂၂

